# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ – ၂၂၁)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှိုင်းဂူထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့**


သဝဏ်လွှာ ➢ စာ – ၃


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့**


သဝဏ်လွှာ ➢ စာ – ၃


# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

နေပြည်တော် ဧပြီ ၉

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၅ဦး ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၅၈၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်


*စာမျက်နှာ ၅ ကော်လံ ၁* ❑





## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

**အဆွေတော်**

**မစ္စတာ မင်းအောင်လှိုင်**

**သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နေပြည်တော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ အရည်အချင်းပြည့်ဝလှသည့် ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် စည်းလုံးမှုအားကောင်း၍ ဖွံ့ဖြိုးတိုးတက်ကာ စီးပွားရေးမြင့်တက်လာမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့် မိမိတို့အကြား တွေ့ဆုံဆွေးနွေးမှုများကို ကောင်းစွာအမှတ်ရလျက်ရှိပြီး အဆွေတော်နှင့် ပုဂ္ဂိုလ်ရေး ထိတွေ့ဆက်ဆံခွင့်ရရှိသည့်အတွက် စိတ်ရင်းဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

အဆွေတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်၍ တိုးတက်ကောင်းမွန်လာစေရန်အတွက် ခိုင်မာသော အုတ်မြစ်တစ်ခုဖြစ်သည်ဟု မိမိယုံကြည်ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ခိုင်မာသောဆက်ဆံရေးသည် ကာလရှည်ကြာတည်တံ့ခဲ့ပြီး နက်ရှိုင်းသော အနာဂတ်ကိုလည်း ပိုင်ဆိုင်ထားပါသည်။

အဆွေတော်အား ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဆာဂေး ရှွိုင်းဂူ**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်

**အဆွေတော်**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

**သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အဆွေတော်အား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားအပ်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်ကို ဦးဆောင်ရာတွင် ပေးအပ်လာသည့် တာဝန်ဝတ္တရား အဝဝကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များကိုလည်း ပြည့်ဝစွာဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ သာယာဝပြောရေးကို ရှေးရှုသည့် မဟာဗျူဟာမြောက် စီမံကိန်းများကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း စိတ်ရင်းစေတနာအပြည့်ဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ယခုအခါသမယတွင် ရုရှား-မြန်မာဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန်အတွက် တာတာစတန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် အလေးအနက် စိတ်အားထက်သန်လျက်ရှိပါကြောင်း ထပ်လောင်းအတည်ပြုပြောကြားအပ်ပါသည်။

**လေးစားစွာဖြင့်**

**ရုစတမ် မီနီခါနော့ဗ်**

**တာတာစတန်ပြည်နယ်အကြီးအကဲ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီး ဂရီဂေါရက်ဖ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီး ဂရီဂေါရက်ဖ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ

**အဆွေတော်**

**မစ္စတာ မင်းအောင်လှိုင်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် စိန့်ပီတာစဘတ်အစိုးရအဖွဲ့နှင့် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

ဉာဏ်အမြော်အမြင်ကြီးမားသည့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် သိသာထင်ရှားသော ကောင်းကျိုးပြုမှုများကို ဆောင်ရွက်ခဲ့ပါသည်။

ယခု ရွေးကောက်တင်မြှောက်ခံရမှုသည် အဆွေတော်၏ အောင်မြင်မှုများအပေါ် ယုံကြည်အားထားမှုနှင့် လေးစားမှုကို ထင်ရှားစေလျက်ရှိပါသည်။ မြန်မာပြည်သူများအကျိုးကို တာဝန်ယူဆောင်ရွက်ခဲ့သည့်နှစ်များအတွင်း ထူးချွန်ပြောင်မြောက်သည့် ကျွမ်းကျင်မှု၊ ကြံ့ခိုင်သည့်စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုတို့ကို ပြသခဲ့ပါသည်။

ရုရှားနိုင်ငံနှင့်အဆွေတော်၏ သာယာလှပသောနိုင်ငံတို့အကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို စိန့်ပီတာစဘတ်အနေဖြင့် ဂုဏ်ယူလျက်ရှိပါသည်။ အထူးသဖြင့် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာအားကောင်းစေရန် အဆွေတော်၏ အာရုံစိုက်ကြိုးပမ်းဆောင်ရွက်မှုကို မိမိတို့အလွန်တန်ဖိုးထားပါသည်။ နှစ်နိုင်ငံပြည်သူများအကျိုးစီးပွားကိုရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန်နှင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန် တူညီဆန္ဒမှာ အနာဂတ်အောင်မြင်မှုများအတွက် အာမခံတစ်ခုဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရယ်ဂန်းနီး ဂရီဂေါရက်ဖ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်

ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

သမ္မတကြီးခင်ဗျား၊

သမ္မတကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန် ကျွန်တော့်အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

နိုင်ငံတော်အတွက် ယခုကဲ့သို့ အရေးကြီးသောအချိန်အခါသမယတွင် သမ္မတကြီးအား ရွေးကောက်တင်မြှောက်လိုက်ခြင်းသည် သမ္မတကြီး၏ ဦးဆောင်မှုအပေါ် ယုံကြည်အလေးထားမှုကို ထင်ဟပ်စေပါသည်။ သမ္မတကြီး၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံသည် ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကျွန်တော် အခိုင်အမာ ယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် မြန်မာနိုင်ငံနှင့် အိုက်စလန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းရရှိစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် ကျွန်တော်၏ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါသည်။

သမ္မတကြီးအား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ယခုလို အရေးကြီးသော တာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

လေးစားမှုဖြင့်

ကိုကိုလတ်
မြန်မာနိုင်ငံဆိုင်ရာ
အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန်

# ဦးညိုစောအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်း ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၉

ဦးညိုစောအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်း ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်

အဆွေတော် ဦးညိုစော
ဒုတိယသမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယသမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံကိုယ်စားနှင့် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အခွင့်ကြုံခိုက် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် အပြန်အလှန် လေးစားမှုတို့ကို အခြေခံပြီး အပြန်အလှန် အကျိုးဖြစ်ထွန်းစေသည့် မြန်မာ-ဘယ်လာရုစ် ဆက်ဆံရေးကို ဆက်လက်တိုးမြှင့်သွားရန် ကတိကဝတ်ကို မိမိအနေဖြင့် ထပ်လောင်းအတည်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ အဆင့်မြင့်တွေ့ဆုံမှုများတွင် ရရှိခဲ့သည့် သဘောတူညီမှုများကို အကောင်အထည်ဖော်ရန်နှင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် သဘောတူလက်ခံခဲ့သည့် ဒုတိယအကြိမ်မြောက် ဘယ်လာရုစ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဦးစားပေးကိစ္စရပ်များအဖြစ် အကောင်အထည်ဖော်သွားရန် ဖြစ်ပါသည်။

နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဘယ်လာရုစ်နှင့် မြန်မာအစိုးရများအကြား ထိတွေ့မှုများ ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလက်ဇန္ဒား တာချင်း

# နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်း အခမ်းအနားသို့ တက်ရောက်မည့် ပြည်ပအစိုးရကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၉

မေ ၁၀ ရက်တွင် ကျင်းပပြုလုပ်မည့် နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်း အခမ်းအနားသို့တက်ရောက်မည့် ပြည်ပနိုင်ငံအစိုးရကိုယ်စားလှယ်များသည် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ယနေ့ညနေပိုင်းတွင် ရောက်ရှိကြသည်။ ယင်းကိုယ်စားလှယ်များကို နေပြည်တော် တပ်မတော်လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

သတင်းစဉ်






❑ *ရှေ့ဖုံးမှ*

သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ကိုးဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးအောင်ဇော်သိန်း၊ ဦးဉာဏ်ထွန်း၊ ဦးမျိုးတင့်၊ ဦးကျော်ဆန်း၊ ဦးတူးမော်၊ ဒေါ်စုစုဝင်း၊ ဒေါ်ဥမ္မာအေး၊ ဦးတင့်ဝေနှင့် ဒေါက်တာမာလာမော်တို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးအောင်ဇော်သိန်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီး ၃၀ ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးခင်မောင်ရီ၊ ဦးအောင်ကျော်ဟိုး၊ ဦးတင်အောင်စန်း၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာ ကံဇော်၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးသန်းမောင်၊ ဒေါက်တာ သီတာဦး၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာ သက်သက်ဇင်၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦး၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ဦးရဲမြင့်ထွန်း၊ ဒေါက်တာမောင်သင်း၊ ဦးမျိုးသန့်၊ ဒေါက်တာ စိုးဝင်းနှင့် ဦးမောင်မြင့်တို့ကို ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဒေါက်တာ သီတာဦးကို ပြည်ထောင်စု ရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဒေါက်တာ သီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ရှစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာ ကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်နှင့် ဒေါ်သင်းသင်းချိုတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ကြောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးစဉ်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဒေါက်တာခင်နိုင်ဦး၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်၊ ဒေါက်တာ စန္ဒာဦး၊ ဒေါက်တာ ရီအေး၊ ဦးတင်မြင့်၊ ဒေါက်တာ လှညွန့်၊ ဒေါက်တာ ဇော်ဦးနှင့် ဒေါက်တာ ဖြူဖြူအိတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဒေါက်တာခင်နိုင်ဦးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာ စန္ဒာဦးတို့ကို ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ကိုးဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးစိုးသိန်း၊ ဦးကျော်ဝင်းသိန်း၊ ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဒေါက်တာ ထွန်းထွန်းဦး၊ ဦးလွန်းဘော်၊ ဦးကျော်စိုးညွန့်၊ ဦးတိုးရီ၊ ဦးတင်အောင်ဝင်းနှင့် ဦးမင်းဟန်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးစိုးသိန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်း ပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်း တင်ပြခြင်းတို့ကို မေ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) မှ ဦးဇင်မင်းထက်နှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ အဖွဲ့ဝင်များအဖြစ် သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး (ခ) တက္ကသိုလ်မေသူ၊ ဆိပ်ကြီး/ ခနောင်တို မဲဆန္ဒနယ်မှ ဒေါက်တာ ထွန်းထွန်းဝင်း၊ မိုင်းခတ်မဲဆန္ဒနယ်မှ စိုင်းဝန်းဆမ်၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါ်နန်းကျင်း (ခ) နန်းစိန်၊ ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်ဇင်ပပဦး၊ ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခိုင်ဝင်းအောင်၊ ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ကျိနိုင်ငိုက်မန်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ဝင်းမြိုင်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မြင့်သောင်းနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်ဖြိုးဖြိုးဝေတို့ဖြင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်း တင်ပြခြင်းတို့ကို မေ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းအောင်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၊ အဖွဲ့ဝင်များအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ၊ ရမည်းသင်း မဲဆန္ဒနယ်မှ ဦးညွန့်ဆောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးချစ်ဝေ၊ ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ဇော်မြင့်၊ ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ခွန်ဝင်းဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် စိုးညွန့်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ဝင်းကိုကိုနှင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး ဖြိုးမင်းဝင်းတို့ဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၁-၄-၂၀၁၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၈)၊ အမှတ် (၁၅)တွင်** စတုဒိသာအလှူမဏ္ဍပ်တွင် ရန်ဖြစ်၍ ပြစ်ဒဏ်အနေဖြင့် ပန်းကန်ဆေးခဲ့ရသော မှုံကြီးတို့ သူငယ်ချင်းတစ်စုအကြောင်းကို သရုပ်ဖော်ထားသည့် "ကုသိုလ်လည်းရ ဝမ်းလည်းဝ" မျက်နှာဖုံးကာတွန်း၊ အဝါရောင်ရှိသော အစားအစာများနှင့် ၎င်းတို့၏ အကျိုးသက်ရောက်ပုံများကို ဗဟုသုတရဖွယ် ရေးသားထားသည့် "အဝါရောင်ရှိသော အစားအစာများနဲ့ ဗီတာမင်အေ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို ဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ သင်္ကြန်ကာလများတွင် အကြောင်းအမျိုးမျိုးကြောင့် သူတစ်ပါးကို ရေမပက်လိုက်ရ၍ မိမိကိုယ်မိမိ ရေလောင်းချိုးလိုက်သော လင်းသုတအကြောင်းကို သရုပ်ဖော်ထားသည့် "လင်းသုတနဲ့ သင်္ကြန်" နှစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ထိန်းသိမ်းတတ်စေရန် ရေးသားထားသည့် "အတူနွဲပျော် မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်" ဝတ္ထုကဏ္ဍ၊ ပေးထားသောရုပ်ပုံကို ကလေးတို့ စိတ်ကြိုက်အရောင်များဖြင့် ခြယ်သနိုင်မည့် "ဆေးရောင်လှလှ ခြယ်ကြရအောင်"ကဏ္ဍ၊ တန်ခူးလတွင် ဖူးပွင့်ကြသည့် ပန်းများနှင့် သင်္ကြန်ပွဲတော်ဆင်နွှဲကြပုံကို သီကုံးရေးစပ်ထားသည့် ဆရာမြတ်လွမ်းနောင်(ပုတီးကုန်း) ၏ "မြန်မာသင်္ကြန်" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်သည်။

ရွှေသွေး ဂျာနယ်အတွဲ (၅၈) အမှတ် (၁၅) ကို တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**



# EV သက်တမ်းရှည်စေဖို့ နည်းလမ်းတကျ သုံးစွဲစို့

အောင်ဇေယျဟိန်း

*(ယမန်နေ့မှအဆက်)*

**၂။ EV အားသွင်းနည်းလမ်းမှန်များ**

**၂။ (က) အားသွင်းစဉ် EV ရပ်တန့်ထားခြင်း**

ဘက်ထရီကို အားသွင်းရန် ပြင်ဆင်ချိန်၌ ကားရှိ ပါဝါခလုတ်ကို ပိတ်ထားရပါမည်။ အားသွင်းမှု စတင်ပြီးလျှင် ကားရှိ ပါဝါခလုတ်ကို ပြန်ဖွင့်နိုင်ပြီး ရေဒီယို၊ လေပူ၊ လေအေးစနစ်တို့ကို သုံးနိုင်၏။ အားသွင်းချိန်တွင် စတီယာရင်နှင့် ရွေ့လျားမှုအစိတ်အပိုင်းများကို အသုံးမပြုနိုင်အောင် ထိန်းချုပ်ထား၏။ အကြောင်းရင်းမှာ **ဘက်ထရီကို ဗို့အားမြင့်နှုန်းဖြင့် အားသွင်းစဉ် လှုပ်ရှားမှုပြုလုပ်လျှင် လျှပ်စစ်အန္တရာယ်များ ဖြစ်ပေါ်စေနိုင်ပါ၏။ သို့ဖြစ်ရာ အားသွင်းချိန်တွင် EV ကို ရပ်ထားရပါမည်။**

**၂။ (ခ) မောင်းနှင်ပြီးခါစ အားမသွင်းခြင်း**

EV မောင်းနေစဉ် ဘက်ထရီများသည် ပူနွေးတတ်ပြီး ရပ်တန့်ခါစတွင် ဆက်လက်ပူနေတတ်ရာ ချက်ချင်းအားသွင်းခြင်းက ဘက်ထရီကို ဒဏ်ဖြစ်စေ၍ ပျက်စီးမှုကို မြန်စေနိုင်၏။ **မောင်းပြီးစ EV ကို အားမသွင်းသင့်ပါ။ ခရီးဝေးမောင်းပြီး အားမသွင်းမီ ၁၅ မိနစ်မှ မိနစ် ၃၀ ခန့် အပူချိန်လျှော့ချရပါမည်။** အချို့ EV များတွင် ဘက်ထရီအပူချိန်ကို အလိုအလျောက် ထိန်းညှိပေးသည့် ဘက်ထရီအအေးခံစနစ်များ တပ်ဆင်ထား၏။

**၂။ (ဂ) ၃၀ ရာခိုင်နှုန်းအောက်ရောက်လျှင် အားပြန်သွင်းခြင်း**

ဘက်ထရီစွမ်းအင်အားလုံး ကုန်အောင်သုံးပြီးမှ အားပြန်သွင်းလျှင် သက်တမ်းတိုစေ၏။ **ဘက်ထရီစွမ်းအင်ကို ၁၀ ရာခိုင်နှုန်းအောက် ရောက်သည်အထိ မကြာခဏသုံးခြင်းသည် ဘက်ထရီဆဲလ်များကို ဒဏ်ဖြစ်ပေါ်စေရာ ရေရှည်ထိခိုက်မှုများမဖြစ်ရေးအတွက် အမြန်ဆုံးအားပြန်သွင်းပါ။ ယေဘုယျအားဖြင့် ဘက်ထရီစွမ်းအင်ကို ၂၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြားတွင် ထားရှိသင့်ရာ ပိုမိုစိတ်ချမှုရှိရန် ၃၀ ရာခိုင်နှုန်းအောက်ရောက်လျှင် အားပြန်သွင်းသင့်၏။**

**၂။ (ဃ) ၈၀ ရာခိုင်နှုန်းအထိသာ အားဖြည့်သွင်းခြင်း**

လူ့စိတ်လူ့သဘောအရ အမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းရှိခြင်း၊ ရာနှုန်းပြည့်ဖြစ်ခြင်းကိုသာ နှစ်သက်ကြပြီး အကောင်းဆုံးဟု သတ်မှတ်လေ့ရှိကြ၏။ သို့သော် EV ကို ၁၀၀ ရာခိုင်နှုန်း အားသွင်းခြင်းသည် အကောင်းဆုံးမဟုတ်ဘဲ ဘက်ထရီကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး လီသီယမ်အိုင်းယွန်းဘက်ထရီများဖြစ်၍ ဘက်ထရီရာနှုန်းပြည့်ဖြင့် ကြာရှည်ထားလျှင် ပျက်စီးယိုယွင်းစေနိုင်၏။ **ခရီးဝေးသွားလျှင် ဘက်ထရီကို ရာနှုန်းပြည့်အားသွင်းသင့်သော်လည်း မြို့တွင်းအတွက် ၈၀ ရာခိုင်နှုန်းအထိသာ အားသွင်းသင့်၏။ သို့မှသာ သက်တမ်းပိုမိုကြာရှည်ခံနိုင်စေပြီး ဘရိတ်အုပ်ရင်း အားသွင်းခြင်းမှ ရရှိသည့် ထပ်တိုး စွမ်းအင်ကို သိုလှောင်ဖို့ ချန်လှပ်ပြီး** ဖြစ်ကာ EV သုံးစွဲမှုမှ အကျိုးကျေးဇူးပိုမိုရရှိစေနိုင်၏။ EV ၌ အားသွင်းလိုသော အတိုင်းအတာကို သတ်မှတ်ထားနိုင်ပြီး ပိုင်ရှင်လက်စွဲစာအုပ်တွင် အားသွင်းရမည့် အသင့်တော်ဆုံးရာခိုင်နှုန်းလည်း ပါရှိပြီးဖြစ်ရာ ၈၀ ရာခိုင်နှုန်းကိုသာ သတ်မှတ်၍ အားသွင်းသင့်၏။ သာဓကအားဖြင့် ဘက်ထရီစွမ်းအင်နှုန်း ၇၉.၉၀၄ kWh (ကီလိုဝပ်နာရီ) ဖြစ်လျှင် ၈၀ ရာခိုင်နှုန်းဖြစ်သော ၆၃.၉၂၃၂ kWh (ကီလိုဝပ်နာရီ)အထိသာ အားသွင်းသင့်ပါသည်။




ပုံ ၇၊ EV သုံးစွဲမှုနှင့် ဘက်ထရီအားသွင်းမှုပြပုံ။

- **ခရီးဝေးသွားလျှင် ဘက်ထရီကို ရာနှုန်းပြည့်အားသွင်းသင့်သော်လည်း မြို့တွင်းအတွက် ၈၀ ရာခိုင်နှုန်းအထိသာ အားသွင်းသင့်၏။ သို့မှသာ သက်တမ်းပိုမိုကြာရှည်ခံနိုင်စေပြီး ဘရိတ်အုပ်ရင်း အားသွင်းခြင်းမှ ရရှိသည့် ထပ်တိုးစွမ်းအင်ကို သိုလှောင်ဖို့ ချန်လှပ်ပြီးဖြစ်ကာ EV သုံးစွဲမှုမှ အကျိုးကျေးဇူးပိုမိုရရှိစေနိုင်**
- **EV အားသွင်းသည့် အလေ့အထများက ဘက်ထရီ၏ အိုမင်းရင့်ရော်လာမှုကို အတိအကျပုံဖော်လျက်ရှိသည်။ အစွန်းရောက်အားသွင်းမှုဖြစ်သည့် ရာနှုန်းပြည့် အမြဲသွင်းခြင်းက ဘက်ထရီ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သလို အစွန်းရောက်သုံးစွဲမှုဖြစ်သည့် စွမ်းအင်ကုန်ခန်းသွားသည်အထိ သုံးစွဲခြင်းသည်လည်း ဘက်ထရီ၏ ပျက်စီးယိုယွင်းမှုကို ပိုမိုမြန်ဆန်စေ**

**၂။ (င) အနှေးအားသွင်းစနစ်ကိုသာ အဓိကအသုံးပြုခြင်း**

တိုက်ရိုက်လျှပ်စီးသုံး အမြန်အားသွင်းစနစ်ဖြင့် အားသွင်းခြင်းသည် ခရီးဝေးသွားရန်အတွက် ကောင်းမွန်သော်လည်း ၎င်းကို အဓိကအားသွင်းနည်းလမ်းအဖြစ် အမြဲမသုံးသင့်ပေ။ အမှန်တကယ် အဓိကအားပြုသုံးစွဲရမည်မှာ Level 1 (သို့မဟုတ်) Level 2 အနှေးအားသွင်းစနစ်များသာ ဖြစ်ပါ၏။

**၂။ (စ) အမြန်အားသွင်းခြင်းကို ကန့်သတ်သုံးစွဲခြင်း**

အမြန်အားသွင်းခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့သည် ဘက်ထရီအတွင်းရှိ လီသီယမ်များ၏ သဘာဝဂုဏ်သတ္တိဓာတ်များအား ကုန်ခန်းစေသည့် ဓာတ်ပြုမှုများကို ပိုမိုမြန်ဆန်စေပါမည်။ အမြန်အားသွင်းစက်များက စွမ်းအင်ကို အလျင်အမြန်တွန်းပို့လျှင် ဘက်ထရီဆဲလ်များအတွင်းရှိ အပူနှင့် ဖိအားတို့ကြောင့် မလိုလားအပ်သော ဓာတုဓာတ်ပြုမှုများနှင့် ဆင့်ကဲဖိအားဖြစ်စဉ်များကို ဖြစ်စေ၏။ ဆက်လက်၍ ဘက်ထရီကို ဝန်ပိုမိုဖိစီးမှုနှင့် အပူလွန်ကဲမှုတို့ကို ဖြစ်ပေါ်ရာက ပိုမိုလျင်မြန်စွာ သက်တမ်းတိုစေ၏။ တိုက်ရိုက်လျှပ်စီးဖြင့် အမြန်အားသွင်းခြင်းသည် ရစ်နှစ်အတွင်း အိမ်သုံး Level 2 အားသွင်းစက်ဖြင့် အားသွင်းခြင်းထက် ဘက်ထရီသက်တမ်း ၁၀ ရာခိုင်နှုန်းကို လျော့ကျစေနိုင်ပါသည်။ **အားသွင်းချိန်ပေးရခြင်းထက် တန်ဖိုးကြီးမားလှသော ဘက်ထရီမပျက်စီးအောင် ဂရုတစိုက်ထိန်းသိမ်းသုံးစွဲရမည်ဖြစ်ရာ ရေရှည်သက်တမ်းပြည့်သုံးစွဲနိုင်ရန်အတွက် အမြန်အားသွင်းခြင်းကို ကန့်သတ်သုံးစွဲရပါမည်။**

**၂။ (ဆ) အားသွင်းချိန်ကို ချိန်ညှိခြင်း**

EV ပိုင်ရှင်အများစုသည် မိမိတို့၏ နေအိမ်၌ ညဘက်အိပ်ရာဝင်ချိန်တွင် EV ကို အားသွင်းလေ့ရှိကြ၏။ **ဘက်ထရီသိုလှောင်စွမ်းအင် ကြီးမားနေချိန်တွင် ဆဲလ်၏ဗို့အားမှာ မြင့်တက်နေသဖြင့် ကားရပ်ထားစဉ်မှာပင် ဓာတုဓာတ်ပြုမှုနှင့် ဆင့်ကဲကွင်းဆက်ဖြစ်စဉ်များက ဘက်ထရီအတွင်းရှိ အခြေခံပစ္စည်းများကို တဖြည်းဖြည်း တမြည့်မြည့် လောင်ကျွမ်းစေသည်။** ထို့ကြောင့် ညလုံးပေါက် အားအပြည့်သွင်းထားခြင်းကို ရှောင်ကြဉ်ကာ ၈၀ ရာခိုင်နှုန်းအထိ အားသွင်းရန် ချိန်ညှိထားသင့်၏။ ယင်းအပြင် ဘက်ထရီသက်တမ်းရှည်အောင် ဆဲလ်ချိန်ညှိခြင်း (Cell Balancing)လုပ်ငန်းသည် အရေးပါသော ကဏ္ဍမှ ရပ်တည်လျက်ရှိရာ ၎င်းကို ခေါင်းစဉ်ခွဲ ၄(က)တွင် တင်ပြသွားပါမည်။

**၃။ EV ကားရပ်နားစဉ် လိုက်နာရမည့် အချက်များ**

**၃။ (က) အရိပ်ရနေရာတွင် ရပ်ခြင်း**

EV လီသီယမ်အိုင်းရွန်း ဘက်ထရီများသည် ပြင်းထန်သောအပူနှင့် အအေးဒဏ်များကို ခံစားလွယ်ရာ **ပူလွန်းခြင်း၊ အေးလွန်းခြင်းစသော အစွန်းနှစ်ဖက်ကို ရှောင်ရှားရပါမည်။ ဘက်ထရီအပူချိန် လွန်ကဲပါက ဘက်ထရီဆဲလ်များအတွင်းရှိ ဓာတုဓာတ်ပြုမှုဖြစ်စဉ်များကို ပိုမိုမြန်ဆန်စေပါမည်။ အကျိုးဆက်ကား ဘက်ထရီကို လျင်လျင်မြန်မြန် ပျက်စီးစေပါမည်။** သို့ဖြစ်ရာ ရာသီဥတုပူပါက ကားဂိုဒေါင်အတွင်း (သို့မဟုတ်) အရိပ်ရနေရာ၊ အမိုးအကာရှိသော နေရာတို့သာ ရွေးချယ်ရပ်ထားပါ။ အလားတူ လွန်ကဲစွာအေးခြင်းက ဘက်ထရီစွမ်းရည်ကို ကျဆင်းစေပြီး အားသွင်းချိန်ကို ပိုမိုကြာမြင့်စေနိုင်ရာ သတိပြုရှောင်ရှားရပါမည်။

**၃။ (ခ) စနစ်တကျ ရေရှည်ရပ်ထားခြင်း**

EV ကို သီတင်းပတ် (သို့မဟုတ်) လအနည်းငယ်ကြာ အသုံးမပြုဘဲထားမည်ဆိုပါက စနစ်တကျ မသိမ်းဆည်းခြင်းက ဘက်ထရီကို ပျက်စီးစေနိုင်၏။ မမောင်းဘဲ ရေရှည်ရပ်ထားပါက လွန်ကဲစွာပူခြင်း၊ အေးခြင်းမရှိသော ကားဂိုဒေါင်အတွင်းထား၍ ဘက်ထရီစွမ်းအင်ကို ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအတွင်း ထိန်းထားရမည်ဖြစ်ပြီး အားသွင်းကြိုးကို အကန့်အသတ်မရှိ တပ်မထားပါနှင့်။

**EV အားသွင်းသည့် အလေ့အထများက ဘက်ထရီ၏ အိုမင်းရင့်ရော်လာမှုကို အတိအကျ ပုံဖော်လျက်ရှိသည်။ အစွန်းရောက်အားသွင်းမှုဖြစ်သည့် ရာနှုန်းပြည့် အမြဲသွင်းခြင်းက ဘက်ထရီ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သလို အစွန်းရောက်သုံးစွဲမှုဖြစ်သည့် စွမ်းအင်ကုန်ခန်းသွားသည်အထိ သုံးစွဲခြင်းသည်လည်း ဘက်ထရီ၏ ပျက်စီးယိုယွင်းမှုကို ပိုမိုမြန်ဆန်စေပါသည်။**

EV သက်တမ်းရှည်စေရေးအတွက် EV အားသွင်းခြင်းသည် အရေးကြီးလုပ်ငန်းစဉ်ဖြစ်ရာ ဤနေရာတွင် အနှစ်ချုပ်ပုံကို တင်ပြပါမည်။ ဘက်ထရီကျန်းမာရေးအခြေအနေ ကောင်းမွန်ရန်နှင့် မလိုလားအပ်သောအန္တရာယ်များ ကင်းဝေးစေရန်အတွက် ဖော်ပြပါ ပုံ ၇ အတိုင်း သုံးစွဲမှုအခြေအနေပေါ် မူတည်၍ ဘက်ထရီအားသွင်းခြင်းကို ဆောင်ရွက်သင့်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**"EV လီသီယမ်အိုင်းရွန်း ဘက်ထရီများသည် ပြင်းထန်သောအပူနှင့် အအေးဒဏ်များကို ခံစားလွယ်ရာ ပူလွန်းခြင်း၊ အေးလွန်းခြင်းစသော အစွန်းနှစ်ဖက်ကို ရှောင်ရှားရပါမည်။ ဘက်ထရီအပူချိန် လွန်ကဲပါက ဘက်ထရီဆဲလ်များအတွင်းရှိ ဓာတုဓာတ်ပြုမှုဖြစ်စဉ်များကို ပိုမိုမြန်ဆန်စေပါမည်။ အကျိုးဆက်ကား ဘက်ထရီကို လျင်လျင်မြန်မြန် ပျက်စီးစေပါမည်။ သို့ဖြစ်ရာ ရာသီဥတုပူပါက ကားဂိုဒေါင်အတွင်း(သို့မဟုတ်) အရိပ်ရနေရာ၊ အမိုးအကာရှိသော နေရာတို့သာ ရွေးချယ်ရပ်ထားပါ။ အလားတူ လွန်ကဲစွာအေးခြင်းက ဘက်ထရီစွမ်းရည်ကို ကျဆင်းစေပြီး အားသွင်းချိန်ကို ပိုမိုကြာမြင့်စေနိုင်ရာ သတိပြုရှောင်ရှားရပါမည်"**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် အသင်း/အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၉**

၂၀၂၄ ခုနှစ် ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံတည်ဆောက်ရေးအဖွဲ့၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအသင်း(နေပြည်တော်)၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း၊ သမ္မတကြီး ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါကြောင်း၊ ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန်အပေါင်းမှ ကင်းဝေးပါစေ၊ ကပ်ကြီးသုံးပါးမှ ကင်းဝေးပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန်အပေါင်းမှ ကင်းဝေးပါစေ၊ ကပ်ကြီး သုံးပါးမှ ကင်းဝေးပါစေ၊ တရားထူး တရားမြတ်ကျင့်ကြံအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်**
**လွှတ်တော်ကိုယ်စားလှယ်များ**

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

**ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်**

နိုင်ငံတော် သမ္မတရွေးချယ်ရေး လုပ်ထုံးလုပ်နည်းများအရ ရွေးချယ်ခန့်အပ်ခံရသော နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယသမ္မတ(၁) ဦးညိုစော၊ ဒုတိယသမ္မတ (၂) နန်းနီနီအေးတို့အား နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဦးစွာတင်ပြအပ်ပါသည်။

ကျွန်ုပ်တို့ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အသင်းအနေဖြင့် သမ္မတကြီး ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါသည်။

ထို့အပြင် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ရေး၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတွင် အသင်းအနေဖြင့် အစိုးရနှင့်ပူးပေါင်းကာ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်မည့် အစိုးရအဖွဲ့အသစ်အား ကျန်းမာ၊ ချမ်းသာပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် အောင်မြင်စွာ ဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**
**အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း**
**နေပြည်တော်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာသာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်**
**ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံတည်ဆောက်ရေးအဖွဲ့**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်**
**လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ**

# အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား အသေးစား ဖွံ့ဖြိုးမှုစီမံကိန်းများ (Small Development Projects–SDP) အကောင်အထည်ဖော်နိုင်ရေး အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အဆိုပြုခဲ့သည့် " Construction of Preschool at Lewe Township, Nay Pyi Taw (ပြည်ထောင်စုနယ်မြေနေပြည်တော်၊ လယ်ဝေးမြို့တွင် မူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်း)" နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ညနေ ၆ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။




အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kirti Vardhan Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးအကြီးအကဲ H.E. Mr. Abhay Thakur၊ ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kirti Vardhan Singh တို့က စီမံကိန်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့တွင် မူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြသည်။ (ဓာတ်ပုံ)

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းဖြင့် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံခြုံမှုရှိသော၊ ပါဝင်သင်ကြားခွင့်ရှိသော၊ အရည်အသွေးမြင့်သော သင်ယူမှုပတ်ဝန်းကျင်များအား ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ကလေးများ၏ ကိုယ်ကာယပိုင်း၊ ဉာဏ်ရည်၊ ဉာဏ်သွေး၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် မူလတန်းကြိုကျောင်းတစ်ကျောင်းအဖြစ် ပေါ်ထွက်လာပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**မော်လမြိုင် မေ ၉**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ကြေညာပြီး ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ကျိုက်ထိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မင်းအောင်ထူးက လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် တတိယအကြိမ် မွန်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့) အစည်းအဝေးရပ်နားပြီး (အဋ္ဌမနေ့)အစည်းအဝေးကို မေ၁၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**





# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**ထားဝယ် မေ ၉**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦး ရှိသည့်အနက် ၂၈ ဦး စလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်း အပြည့်ဖြစ်သဖြင့် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော်ပြည်သူများ၏ တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီ၊ တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ကော်မတီ၊ တိုင်းဒေသကြီး လွှတ်တော်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်အကြံပြုရေးအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ဥပဒေ လေ့လာသုံးသပ်ရေး အဖွဲ့တို့၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီနှင့် အဖွဲ့၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုသည်။

ထို့နောက် တတိယအကြိမ် တနင်္သာရီ တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**ဟားခါး မေ ၉**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကိုလွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်က အတည်ပြုထားသော ပြည်နယ်အစိုးရဝန်ကြီးဌာန ခုနစ်ဌာနတွင် ပြည်နယ်ဝန်ကြီးများအဖြစ် အဆိုပြုသည့် ဝန်ကြီးများနှင့်စပ်လျဉ်း၍ ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆန်အုပ်မန်း၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇမ်းရှင်းဒါလ်၊ ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝမ်းလျန်းထန်နှင့် မင်းတပ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထန်ရှင်းထောင်းတို့က ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဝန်ကြီးများအဖြစ် အဆိုပြုထားသော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး ခင်မောင်ထွေး၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာလျန်ဇခုပ်၊ လူမှုရေးရာ ဝန်ကြီးဌာနဝန်ကြီး ဦးစိန်ထွန်းလှ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးနေလင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးပေါင်ဇလန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းဇော်ဦး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်ငွေးတို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြကာ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူ၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။



ယင်းနောက် တတိယအကြိမ် ချင်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**စစ်တွေ မေ ၉**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦးက ရခိုင်ပြည်နယ်လွှတ်တော်၌ ဖွဲ့စည်းရန်လျာထားသည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီတို့တွင် ဖွဲ့စည်းတာဝန်ပေးအပ်မည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက အဆိုပါကော်မတီများတွင် ဖွဲ့စည်းတာဝန်ပေးအပ်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းကို မေ ၉ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မေ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။ **တင်ထွန်း(ပြန်/ဆက်)**



# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ



**မုံရွာ ဧပြီ ၉**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက ပေးပို့လာသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာန ခုနစ်ခုတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ စီမံကိန်း၊ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင် စုစုပေါင်း တိုင်းဒေသကြီးဝန်ကြီး ခုနစ်ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့လာသည့် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များ ဆောင်ရွက်မည့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးစိန်ဖေနှင့် ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ဦးငွန်ဘွလ်ထန်တို့အား ခန့်အပ်တာဝန် ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူက ပေးပို့လာသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်း နန်းယွန်းမြို့နယ် မဲဆန္ဒနယ်မြေ(၂) အပါအဝင် အလုပ်အမှုဆောင်ကော်မတီဝင် ငါးဦး ဖွဲ့စည်းထားရှိမှုကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး စုစုပေါင်း ကိုးဦးတို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံး အကြီးအမှူးထံတင်ပြရန် ကြေညာသည်။

ယင်းနောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**မြစ်ကြီးနား ဧပြီ ၉**

တတိယအကြိမ် ကချင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက အစည်းအဝေး ပဉ္စမနေ့တွင် အဆိုပြုလာသည့် ဒေါ်အေးအေးမော်အား ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အစည်းအဝေး ပဉ္စမနေ့တွင် အဆိုပြုတင်သွင်းလာသည့် ဝန်ကြီးဌာန ခုနစ်ခု၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီး ကျော်သူရ၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်မင်းခိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးချန်တန်ခင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ်ဒေါက်တာအောင်ဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးရဲရင့်ဆွေတို့အား ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ် အားလုံးက ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ထို့အတူ ကချင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းလာသည့် ကချင်ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နန်းလှလှအေး၊ ကချင်ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်လေးနွယ်တို့အား ခန့်အပ်တာဝန်ပေးနိုင်ရန်နှင့် ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအဖြစ် အဆိုပြုတင်သွင်းထားသည့် ဦးအောင်မြင့်၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်ပြုံးရီတို့အား ခန့်အပ်တာဝန်ပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။



ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းဆိုင်ရာ ကော်မတီများ ဖွဲ့စည်းနိုင်ရေး ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို သတ်မှတ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ



**ပုသိမ် ဧပြီ ၉**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် ရေးရာကော်မတီခြောက်ရပ် ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ကော်မတီတစ်ရပ်ချင်းစီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်များကို လွှတ်တော်က သဘောတူသဖြင့် လျာထားသတ်မှတ်ချက်ပါအတိုင်း ရေးရာကော်မတီ ခြောက်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အတည်ပြု ကြေညာသည်။

ထို့နောက် ဖွဲ့စည်းအတည်ပြုပြီးသော ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့တွင် သက်ဆိုင်ရာကော်မတီအလိုက် လစ်လပ်လျက်ရှိသည့် ကော်မတီအဖွဲ့ဝင် (၂) နေရာနှင့် အတွင်းရေးမှူး(၁) နေရာတို့၏ အမည်စာရင်းများကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာခဲ့ရာ လွှတ်တော်က သဘောတူသဖြင့် လျာထားချက်ပါအတိုင်း အစားထိုး ဖွဲ့စည်းတာဝန်ပေးအပ်ရန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြေညာခဲ့ပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားခဲ့ကြောင်း သိရသည်။


**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**တောင်ကြီး မေ ၉**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထိန်စိုးက ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာကိစ္စများ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကိန်မိုင် (ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ ဒေါ်အေးချိုစိန် (ကယန်း (ခ) ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ ဒေါ်ခင်ထွေးအောင် (ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ ဦးဝီလ်ဆင်မိုး (လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ ဒေါ်ငွေလှိုင် (လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး)၊ ဦးထွန်းအောင် (အာခါတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး)၊ ဒေါ်တင်တင်ရီ (အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) တို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ခြင်းဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုး ၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်ပါ အဖွဲ့ဝင်(၅)ဦး၏ အမည်စာရင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအာကာလင်းပါ အဖွဲ့ဝင်(၅)ဦး ၏ အမည်စာရင်းတို့ကိုလွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးသတ္တမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်တို့ကို ကြေညာခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



**ရန်ကုန် မေ ၉**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်၏ သက်ဆိုင်ရာကော်မတီအသီးသီးတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်စာရင်းတို့ကို လွှတ်တော်သို့ တင်ပြ၍ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း သတ်မှတ်ချက်တို့ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသည့် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ရေးရာကော်မတီ(၁၀)ရပ်ကိုဖွဲ့စည်းခဲ့ပြီး လွှတ်တော်၏ အတည်ပြုချက်ကို ရယူခဲ့ကြသည်။

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့အဖြစ် မေ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ၏ (၇၇) နှစ်မြောက် တည်ထောင်သည့်နေ့ အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက ကြီးမှူးကျင်းပသည့် အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ၏ (၇၇) နှစ်မြောက် တည်ထောင်သည့်နေ့ အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီစင်တာ၌ ကျင်းပသည်။

ဦးစွာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kirti Vardhan Singh၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur ၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်း ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ဆီမီးများ ထွန်းညှိပူဇော်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီဥက္ကဋ္ဌတို့က ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့ကို ပဝါများ လွှမ်းခြုံပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆွာမိဝိဝေကာနန္ဒ ယဉ်ကျေးမှုစင်တာ (SVCC) ဆရာ၊ ဆရာမများနှင့် ကျောင်းသားတို့က အိန္ဒိယရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားပြီး ဆွာမိဝိဝေကာနန္ဒ ယဉ်ကျေးမှုစင်တာ (SVCC) မှ ဒါရိုက်တာက ကျေးဇူးတင်စကား ပြောကြားသည်။

အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ (ICCR) ကို ၁၉၅၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်စဉ် ဧပြီ ၉ ရက်တွင် အိန္ဒိယယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီ(ICCR)ကို တည်ထောင်သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပလေ့ရှိသည်။




အိန္ဒိယ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ (ICCR) ကို အိန္ဒိယနိုင်ငံနှင့် ပြည်ပနိုင်ငံများ အကြား ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးနှင့် အပြန်အလှန် နားလည်မှုများ ခိုင်မာစေရန်၊ ကမ္ဘာတစ်ဝန်းတွင် ယဉ်ကျေးမှု ဖလှယ်ခြင်းများကို မြှင့်တင် ဆောင်ရွက်ရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ်သည် ICCR ၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ကျိုက်မရောမြို့နယ်၌ ပြည်သူများ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

**ကျိုက်မရော မေ ၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက Point စက်သုံးဆီဆိုင်နှင့် လူစည်ကားရာနေရာများ၌ အသိပညာပေးနှီးနှောဆွေးနွေးဆော်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အပူဒဏ် အန္တရာယ်ဖြစ်ပွားခဲ့လျှင် ဆောလျင်စွာ ဆေးဝါးကုသမှုပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ အရေးပေါ်လူနာလွှဲပြောင်းရန် စီစဉ်ထားရှိခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားရှိပြီး စေတနာ့ဝန်ထမ်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ရွာအခြေပြုအဖွဲ့များဖြင့် လေ့ကျင့်ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း အပူဒဏ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရန် / ရှောင်ရန်အချက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များကို လိုက်နာဆောင်ရွက်ကြရန် လူစည်ကားရာနေရာများ၌ အသိပညာပေးနှိုးဆော်ခြင်းများကို ကျန်းမာရေးဝန်ထမ်းများက လိုက်လံပညာပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

# မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့မှ နှောင်းကဆုန်လဆန်း ၁ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန် အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသောမင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများ ရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့ သဘာဝအပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့်အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေ ပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့်မလျော်ညီသည့် ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့်ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ဂုဏ်သိက္ခာပျက်ပြား ထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့်အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုးဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

## ရေဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ

**နေပြည်တော် မေ ၉**

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏စွမ်းအင်လုံခြုံရေး၊ နိုင်ငံတော်၏စီးပွားရေးကဏ္ဍတွင် စွမ်းအင်အသုံးပြုခြင်းအား အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး ရေတို/ရေရှည် အစီအမံများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ် ၁၆၊ ၁၈၊ ၂၀ တို့သို့သွားရောက်ကြည့်ရှုအားပေးရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးက ရေနံတွင်းများမှ အလွှာလိုက်ဖြစ်နေသော သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူခဲ့ရာ လေဆီနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိလာမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ပြည်တွင်းရှိရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာများအသုံးပြုပြီး လုပ်ဆောင်ကြရန် လိုပါကြောင်း၊ ကုန်းတွင်းရေနံမြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရေဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ် ၁၈ မှ သဲကြောများကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖောက်ယူရာမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ဒသမ၆ သန်းနှင့် လေဆီ ၈ စည်ကို လည်းကောင်း၊ တွင်းအမှတ် ၂၀ ကို မတ် ၁၅ ရက်တွင် ဖောက်ယူရာမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၅ သန်းနှင့် လေဆီ ၇ စည်ကို လည်းကောင်း၊ တွင်းအမှတ် ၁၆ ကို ဧပြီ ၃ ရက်တွင် ဖောက်ယူရာမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၆ သန်းနှင့် လေဆီ ၈ စည်ကို လည်းကောင်း တိုးတက်ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာဝန်ထမ်းများကို ကျေးဇူးတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်ယူရရှိနေသည့် ကုန်းတွင်းရေနံမြေများအနက် မအူပင်(တောင်)ဒေသမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များသည် $C_3$ (ပရိုပိန်း)၊ $C_4$ (ဗျူတိန်း) ပါဝင်မှုများပြားရာ မီးဖိုချောင်သုံးရေနံဓာတ်ငွေ့ရည်(LPG) နှင့် Naphtha ဓာတ်ဆီတို့ကို ပထမအဆင့်အနေဖြင့် ထုတ်ယူနိုင်ပါကြောင်း၊ မီးဖိုချောင်သုံးရေနံဓာတ်ငွေ့ရည်(LPG) နှင့် Naphtha ဓာတ်ဆီထုတ်ယူထားပြီးသော ဓာတ်ငွေ့များကို ဒုတိယအဆင့်အနေဖြင့် ဓာတ်မြေသြဇာစက်ရုံများ၊ စက်ရုံအလုပ်ရုံများနှင့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များသို့ ဆက်လက်ဖြန့်ဖြူးပေးနိုင်သည့်အတွက် လွန်စွာတန်ဖိုးရှိသော သဘာဝဓာတ်ငွေ့ဖြစ်ကြောင်းပြောကြားပြီး ဂုဏ်ပြုဆုငွေနှင့်လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

လက်ရှိ တိုးတက်ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များသည် မြန်မာပြည်အောက်ပိုင်းဒေသရှိ သဘာဝဓာတ်ငွေ့သုံးစွဲမှုကဏ္ဍတွင် များစွာအထောက်အကူပြုမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့များကို ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ လတ်တလောဖြစ်ပေါ်နေသည့် စက်သုံးဆီအကျပ်အတည်းကို အထိုက်အလျောက်လျော့နည်းသက်သာစေမည်ဖြစ်ပြီး ကုန်းတွင်းရေနံမြေအသစ် ထပ်မံရှာဖွေမှုအနေဖြင့် ဆိုက်စမစ် တိုင်းတာမှုများဆောင်ရွက်လျက်ရှိပြီး အစမ်းတွင်းများ တူးဖော်နိုင်ရေးကိုလည်း စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်တွင်းကြီးမြို့နယ်၌ စက်မှုလုပ်ငန်းသုံးဆီ ဖြန့်ဖြူးမှု၊ သုံးစွဲမှု ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မေ ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ စက်မှုလုပ်ငန်းသုံးဆီများ အမှန်တကယ်သုံးစွဲမှု ရှိ မရှိနှင့်ရောက်ရှိမှု၊ ဖြန့်ဝေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက စတင်၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ စစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၏ ကြီးကြပ်မှုဖြင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဒေါ်ငွေငွေ ဦးဆောင်၍ သက်ဆိုင်ရာအဖွဲ့အစည်း၊ ပူးပေါင်းအဖွဲ့များက စက်မှုလုပ်ငန်းသုံးဆီ ထုတ်လုပ်သည့်လုပ်ငန်းရှင်များအား တစ်နေ့လျှင် သုံးစွဲကုန်ကျသည့် ဆီပိဿာချိန်နှင့် တစ်လသုံးစွဲကုန်ကျသည့် ဆီပိဿာချိန်များ စစ်ဆေးခြင်း၊ ဆီအရေအတွက်ရရှိမှု၊ သုံးစွဲမှု ၊ လုံလောက်မှုရှိ မရှိ စစ်ဆေးခြင်း၊ လုပ်ငန်းသုံးဆီများ အမှန်တကယ်အသုံးပြုခြင်း ရှိ မရှိ စစ်ဆေးခြင်း စသည့်တို့ကို ကွင်းဆင်းစစ်ဆေးသည်။

**ငွေငွေ(DOCA TDI)**

○ ကျောဖုံးမှ

ထို့နောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်သဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်းက နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို လာမည့်ဧပြီ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

အခြားပွဲစဉ်မှ လီဂူးဝမ်းနာမည်ကြီး ပီအက်စ်ဂျီနှင့် လီဗာပူးအသင်းပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိကာ နောက်တစ်ဆင့်တက်ရေး အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့သည်။ **အောင်ဇော်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နွေပိတောက်၊ ၂၀၂၆ အတာသင်္ကြန်နှင့် ဒုတိယစာမျက်နှာအဖွင့်

မြင့်စိုး(နတလ)



ပြည်ထောင်စုကြီးအေးချမ်းပါစေ သီချင်းဖြင့် အကတိုက်နေကြသောတိုင်းရင်းသူများ။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို ကျင့်သုံးမည့်၊ ထိုသို့ကျင့်သုံးရာတွင်လည်း လူပုဂ္ဂိုလ်လူမျိုးစုအပေါ် အခြေခံခြင်း မဟုတ်ဘဲ နေရာဒေသကို အခြေခံ၍ကျင့်သုံးမည့် အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကိုသယ်ပိုးထမ်းရွက်မည့် အစိုးရသစ်သည် အေးမြသောအတာရေ သွန်းလောင်းပက်ဖျန်းမှုကိုခံယူ၍ နိုင်ငံတော်၏ ဒုတိယ စာမျက်နှာသစ်အား မင်္ဂလာရှိစွာ ဖွင့်လှစ်ပေးကြမည်**

### စပ်လျဉ်း၍

စပ်လျဉ်း၍ ဆိုသည်မှာ နွေပိတောက်ကို ဝိဂြိုဟ်ပြုလိုရင်းဖြစ်ပါသည်။ စင်စစ်သော်ကား ကျွန်တော် နတလသို့ မရောက်မီကတည်းက အနီနွေပိတောက် သင်္ကြန်သီချင်းကို တေးရေးဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေ၊ တေးဆို သင်းသီရိတို့နှင့် ဖန်တီးထုဆစ်ထားပြီး ဖြစ်ပါသည်။

၁၉၈၉ ခုနှစ်၊ မတ်လမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများကို လည်းကောင်း၊ ထိုနှစ်ဇွန်လတွင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများကိုလည်းကောင်း ဖွဲ့စည်း၍ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

နတလလုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှ စတင်ကာ နယ်စပ်ဒေသအသီးသီးရှိ ယဉ်ကျေးမှုအဖွဲ့ဝင်များကို ဖိတ်ကြားခေါ်ယူ၍ (ထိုနှစ်က ထားဝယ်နှင့် ဓနုတိုင်းရင်းသား/ တိုင်းရင်းသူများ) ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲစေခဲ့သည်။ ကျွန်တော်သိမ်းဆည်းထားသော မှတ်တမ်းများအရ ၁၉၉၄ တွင် ကရင်တိုင်းရင်းသား/ တိုင်းရင်းသူများ၊ ၁၉၉၅ တွင် ကိုးကန့်နှင့် ‘ဝ’ အဖွဲ့၊ ၁၉၉၆ တွင် ကချင်နှင့် ချင်းအဖွဲ့၊ ၁၉၉၇ တွင် လေးဖွဲ့၊ ၁၉၉၈ တွင် လေးဖွဲ့၊ ၁၉၉၉ တွင် ခုနစ်ဖွဲ့၊ ၂၀၀၀ ပြည့်နှစ်တွင် လေးဖွဲ့၊ ၂၀၀၁ တွင် ကိုးဖွဲ့၊ ၂၀၀၂ တွင် ၁၅ ဖွဲ့၊ ၂၀၀၃ တွင် ၁၉ ဖွဲ့၊ ၂၀၀၄ တွင် ၁၀ ဖွဲ့တို့ ဖြစ်သည်။ ၂၀၀၅၊ ၂၀၀၆ ခုနှစ်များမှစ၍ အကြောင်းအမျိုးမျိုးကြောင့် ဖိတ်ကြားခေါ်ယူခြင်း မပြုတော့ပါ။ လေ့လာရေးအဖွဲ့များကိုမူ အခါအခွင့်သင့်သလို ဒေသအလိုက်ခေါ်ယူ၍ နေပြည်တော်နှင့် ပတ်ဝန်းကျင်တန်ခိုးကြီးဘုရားများ ဖူးမြော်ကြည်ညိုလေ့လာစေခဲ့ပါသည်။

ကျွန်တော် နတလကို ၁၉၉၅ ခုနှစ် ရောက်ရှိ တာဝန်ထမ်းဆောင်ချိန်၌ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များပါဝင်သော သင်္ကြန်ယိမ်းအကများအတွက် သီချင်းတော်တော်များများ ရှိနေပြီဖြစ်သည်။ အဘဦးကျော်ဆန်း(ဆရာသုခိအောင်) ရေးသားသော “တိုင်းရင်းသားမျိုးဆွေ ခါသင်္ကြန်ရေ” သီချင်းကို ခွန်တင်ကြိုင်နှင့် ခင်နန်းယုထွေးတို့က သီဆိုပေးထားသည်။ ဆရာ ဦးမြင့်ငွေရေးသားသည့် ပြည်ထောင်စုသားတို့သင်္ကြန်သီချင်းကို တေးသံရှင် မေမီလင်းက လည်းကောင်း၊ နွေပိတောက်ကို တေးသံရှင် သင်းသီရိကလည်းကောင်း၊ ကိုမြသန်းစံ ရေးစပ်သည့် ပြည်ထောင်စုနှင့် ခါသင်္ကြန်သီချင်းကို တေးသံရှင် ပီတာဘသိန်းကလည်းကောင်း သီဆိုပေးထားကြပြီး ၁၂ ယောက်ယိမ်း၊ ၁၆ ယောက်ယိမ်း၊ လူ ၂၀ ယိမ်းများဖွဲ့စည်း၍ အကများတိုက်ကာ ရန်ကုန်မြို့တော်ဝန်ဗဟိုမဏ္ဍပ်၊ နယ်စပ်/ စည်ပင်ဝန်ကြီးဌာနမဏ္ဍပ် (ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ အတွင်း)၊ နိုင်ငံခြားရေး၊ ပြည်ထဲရေးနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးမဏ္ဍပ်တို့တွင် လှည့်လည်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ကျွန်တော်ရောက်သွားပြီး နတလ၏ ပြန်ကြားရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသောအခါ သင်္ကြန်သီချင်းအသစ်များ ရရှိရေးလည်း အပါအဝင်ဖြစ်၏။ ဟသ်ာတဦးမြင့်ငွေနှင့်ပင် သီချင်းသစ်များဖြစ်သော ပြည်ထောင်စုကြီးအေးချမ်းပါစေ၊ ရာသက်ပန်ပြည်ထောင်စုအေးချမ်းပါစေ သီချင်းနှင့် ရွှေဝါဖူးသင်္ကြန် သီချင်းများကိုလည်းကောင်း၊ ဆရာကေတုဝင်းထွဋ် ရေးစပ်သီကုံးပေးသော ရိုးရာအလှမြန်မာ့သင်္ကြန်သီချင်း၊ ရာမဦးအုန်းမောင်၏ ပြည်ထောင်စု အားမာန်သွေးချင်းတို့ သင်္ကြန်သီချင်းတို့ကိုလည်းကောင်း ထပ်မံရေးဖွဲ့စေကာ တေးသံရှင်များနှင့် အသံသွင်းယူပြီးနောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ဖူးပါသည်။

ဆိုရသော် သင်္ကြန်လည်ခြင်းကို မနှစ်သက်ခဲ့သော်ငြားလည်း သင်္ကြန်သီချင်းများ နားထောင်ခြင်း၊ သင်္ကြန်အကများ ကြည့်ရှုခံစားခြင်း၊ သင်္ကြန်ဆောင်းပါးများရေးခြင်းတို့ဖြင့် ပျော်မွေ့လာခဲ့သည်မှာ ဆယ်စုနှစ်သုံးခုမျှပင် ရှိခဲ့ချေပြီ။ ဝါသနာအရ ကိုယ်တိုင်လည်း သီချင်း တစ်ပုဒ်စ နှစ်ပုဒ်စ ရေးစပ်ခဲ့ဖူးသည်။ သံစဉ်ကိုတော့ ဟသ်ာတဦးမြင့်ငွေက ကူညီပေးခဲ့၏။

နတလအတွက် “ထို့ကြောင့် ဤအရာကို နတလဟုခေါ်သည်” သီချင်းကိုလည်းကောင်း၊ သမ/ကျေးလက်ဝန်ကြီးဌာနသို့ ရောက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် “မြစိမ်းရောင်လွှမ်းအေးချမ်းစေမည်မြန်မာပြည်” သီချင်းကိုလည်းကောင်း ရေးစပ်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ လောက်မှာ ဆရာဦးမြင့်ငွေ၏ နွေပိတောက်သီချင်းကို မူလသံစဉ်မပျက်စေဘဲ စာသားအချို့ ပြောင်းလဲခွင့်ပြုရန် ခွင့်တောင်းခဲ့ပါသည်။ ကျွန်တော် ပြောင်းလဲရေးသားထားသော စာသားများကို ဖတ်ကြည့်ပြီး တေးရေးသူနေရာမှာ မြင့်စိုး(နတလ) ကိုပဲ သုံးရန်ခွင့်ပေးခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တုန်းက “ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ” သီချင်းကို အတူတကွ ဖန်တီးခဲ့ကြသည့်သံယောဇဉ်၊ ဟသ်ာတ ဦးမြင့်ငွေဟု ထင်ရှားခဲ့သော်ငြားလည်း လေးမျက်နှာမြို့နယ် ဇာတိဖွားဆိုသည့် သံယောဇဉ်များကြောင့်ပဲ ဖြစ်ချိမ့်မည်။ ဆရာထံမှ နွေပိတောက်သီချင်းကို ကျွန်တော်အပိုင်ရခဲ့သည်။ သို့သော်ငြားလည်း ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ လှုပ်ခတ်သွားသော မန္တလေးငလျင်ကြီးကြောင့် ရဟန်းရှင်လူ ပြည်သူအများ ပူဆွေးသောကဗျာပါဒများ ကြုံတွေ့ခံစားခဲ့ကြရသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ကိုလည်း အစဉ်အလာမပျက် အေးသင်္ကြန်အဖြစ် သနပ်ခါးလိမ်းခြင်း၊ နံ့သာရည်ဖြင့်ပက်ဖျန်းခြင်း၊ စေတနာ/ကုသိုလ်ဖြင့် ဒါနပြုခြင်း စတုဒိသာကျွေးမွေးခြင်းများဖြင့်သာ ပြီးမြောက်စေခဲ့သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ်မှာ နွေပိတောက်လည်း မသင်းနိုင်တော့ချေပြီတကား။

### သနပ်ခါးလေးနဲ့ လှတဲ့သင်္ကြန်

ဆရာထံ ခွင့်တောင်း၍ ပြင်ဆင်ရေးသားလိုက်သော စာသားအချို့မှာ မြန်မာ့ရိုးရာနှစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကိုက လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုထားခြင်းကို လည်းကောင်း၊ မြန်မာ့သနပ်ခါးသည်လည်း မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်ကိုလည်းကောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရန်၊ လက်တွဲညီရန်လိုကြောင်းတို့ကိုလည်းကောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

ထိုသီချင်းဖြင့် သမ/ ကျေးလက် သင်္ကြန်ယိမ်းအဖွဲ့က အကတိုက်လေ့ကျင့်နေသကဲ့သို့ သင်္ကြန်ကနေသည့် အရုပ်များ၊ သနပ်ခါးလိမ်းခြယ်နေသည့် အရုပ်များ၊ ဘိုးဘွားများအား လက်သည်းခြေသည်းလှီးပေးပြီး ကုသိုလ်ယူနေသည့် အရုပ်များဖြင့် တည်းဖြတ်၍ MRTV၊ MWD ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်တင်ဆက်ပေးနိုင်အောင်လည်း ဆောင်ရွက်ဖြစ်ခဲ့သည်။ သီချင်းစာသားအနေဖြင့် ပါရှိခဲ့သော သမ/ကျေးလက်တို့ရဲ့စေတနာ x x စိမ်းလန်းဝေဖြာသည် x x ပြည်နယ်နှင့်တိုင်းအနှံ့မှာ ခရီးဆက်ပါမည်ဆိုသည့်နေရာမှာတော့ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ညွှန်းသည့်အနေဖြင့် ဆောင်ရွက်ပေးခဲ့သော လမ်း/ တံတားလုပ်ငန်းများ၊ ရေရရှိရေး၊ မီးရရှိရေးလုပ်ငန်းများ၊ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ၊ သမဝါယမစိုက်ပျိုးရေးအသင်းများ၏ ဆန်စပါးစိုက်ပျိုးရေး၊ ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ဝါစိုက်ပျိုးရေးလုပ်ငန်းများ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ၊ သမဝါယမကောလိပ်များ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှု၊ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံတို့ ဖွင့်လှစ်ထားရှိမှုတို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

### ရေးဖြစ်ခဲ့သော သင်္ကြန်ဆောင်းပါးများ

မှတ်မှတ်ရရ ၂၀၀၁ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်အပြီးမှာ ဆောင်းပါးတစ်ပုဒ်စ၍ ရေးဖြစ်ခဲ့သည်။ ဆောင်းပါးအမည်က နိုင်ငံတော်၏ ယဉ်ကျေးမှုသံတမန်များဟူ၍ဖြစ်သည်။ ထိုမှအစပြု၍ အလျဉ်းသင့်သလို တစ်နည်းပြောရလျှင် သင်္ကြန်၏ အငွေ့အသက်များ ရင်ထဲနှလုံးသားထဲမှာ ရိုက်ခတ်လျှင်ရိုက်ခတ်သလို ရေးဖြစ်ခဲ့သည်။ ကျွန်တော့်ဘဝ စာပေမှတ်တမ်းအဖြစ် ပြုစုထားသော ၁၉၉၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ရေးသားခဲ့ဖူးသည့် ဆောင်းပါးပုဒ်ရေ ၅၀၀ ကျော်မှာ သင်္ကြန်ဆောင်းပါး ၁၄ ပုဒ် ပါဝင်နေကြောင်း တွေ့ရသည်။ များသောအားဖြင့်တော့ နယ်စပ်ဒေသအသီးသီးမှ ရောက်ရှိလာကြသော တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကို ရည်ညွှန်းပါသည်။

ရန်ကုန်မြို့ရှိ တည်းခိုရေးနှင့်စစ်ကြောရေး စခန်းတွင် ရက်ပေါင်းများစွာ အကတိုက်ကြ၊ မဏ္ဍပ်တွေမှာ လှည့်လည်ဖျော်ဖြေတင်ဆက်ကြ၊ MRTV နှင့် MWD ရုပ်မြင်သံကြားတို့တွင် သင်္ကြန်အကများ၊ တိုင်းရင်းသားအကများရိုက်ကူးကြ၊ စားရိပ်သာ၌ အတူနေထိုင်စားသောက်ကြ ဆိုတော့ကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးထက်ပိုသော ရင်းနှီးချစ်ခင်မှုကို ရခဲ့ကြသည်။ သူတို့ပြန်သွားချိန် နာဂတေးသီချင်းသံများ၊ ‘ဝ’ တိုင်းရင်းသူလေးများ၏ ဆံကေသာ အက၊ ရဝမ်တိုင်းရင်းသား/ သူများ၏ အဇီးလမ်အက၊ လီဆူ ရှာဖဲတာ အက၊ ကယားတိုင်းရင်းသားများ၏ ဆောင်ဒူပါကန်းအက စသည်တို့၏ပုံရိပ်များက ကျန်ရစ်လို့ နေခဲ့သည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဆိုနိုင်သော်ငြားလည်း ယနေ့ထိတိုင် မြင်ယောင်နေဆဲ၊ ကြားယောင်နေဆဲ။

### ဒုတိယစာမျက်နှာအဖွင့်

မကြာသေးမီက ကျွန်တော်ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါသည်။ ဒုတိယစာမျက်နှာမှာ လက်ရေးလှလှ ရေးကြပါစို့ ဟူသောအမည်ဖြင့်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကိုကျင့်သုံးမည့်၊ ထိုသို့ကျင့်သုံးရာတွင်လည်း လူပုဂ္ဂိုလ်လူမျိုးစုအပေါ် အခြေခံခြင်းမဟုတ်ဘဲ နေရာဒေသကိုအခြေခံ၍ကျင့်သုံးမည့် အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးထမ်းရွက်မည့် အစိုးရသစ်သည် အေးမြသောအတာရေ သွန်းလောင်းပက်ဖျန်းမှုကိုခံယူ၍ နိုင်ငံတော်၏ ဒုတိယစာမျက်နှာသစ်အား မင်္ဂလာရှိစွာ ဖွင့်လှစ်ပေးကြမည်ဖြစ်သည်။

အေးမြကြည်လင်သန့်စင်သော အတာရေကြောင့် မြန်ပြည်တစ်ဝန်း အေးချမ်းသာယာ ရှိကြပါစေ။

ဘေးဘယာဝေးကွာ၍ စီးပွားလာဘ်လာဘများလည်း ဒီရေအလားတိုးတက်ကြပါစေ။

နိုင်ငံတော်အစိုးရသစ် အနေဖြင့်လည်း ဒုတိယစာမျက်နှာကို ခန့်ညားထည်ဝါလှပစွာ ဖွင့်လှစ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်...။ ။

# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့် ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်သည့် အပြန်အလှန်အတည်ပြုလွှာ Exchange of Letters လဲလှယ်သည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၉**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့် ပဲစင်းငုံကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်သည့် အပြန်အလှန်အတည်ပြုလွှာ Exchange of Letters လဲလှယ်သည့်အခမ်းအနားကို ယနေ့ ညပိုင်းက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kirti Vardhan Singh တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်သွင်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur တို့က မတ်ပဲနှင့်ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား သက်တမ်းတိုးမြှင့်သည့် အပြန်အလှန်အတည်ပြုလွှာကို လဲလှယ်ကြသည်။

မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာ၊ အစားအသောက်နှင့် ဖြန့်ဖြူးရေးဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် မတ်ပဲနှင့် ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ငါးနှစ်သက်တမ်းတိုးမြှင့်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံ တန်ချိန် တစ်သိန်း နှစ်စဉ်တင်ပို့ခွင့်ရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၊ ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ စိုက်ပျိုးထုတ်လုပ် တင်ပို့မှုများအတွက် ယုံကြည်စိတ်ချရမှုကို မြင့်တက်စေမည်ဖြစ်သည်။ ထို့ပြင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရှိထားပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုတို့ ပိုမိုခိုင်မာလာစေသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းစသစ်များကို ဖော်ဆောင်ပေးနိုင်သော ဆွေးနွေးမှုများနှင့် ကောင်းမွန်သောရလဒ်များ ရရှိခဲ့ကြောင်း သိရသည်။




အခမ်းအနားအပြီးတွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား Park Royal Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။


အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဘက်မှ ပြည်ပရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သည့်ရောဂါများ အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ပြင်ဆင်ထားရှိ

**မန္တလေး ဧပြီ ၉**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သည့် ရောဂါများအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် အဆင်သင့်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက ပြောသည်။



ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ညွှန်ကြားမှုများနှင့်အတူ အပူဒဏ်ကြောင့် ရောဂါဝေဒနာခံစားခဲ့ရသည့် လူနာများရောက်ရှိလာပါက လူနာ၏အချက်အလက်မှန်ကန်ရေးနှင့် ကုသမှုအဆင်ပြေချောမွေ့စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

"အပူဒဏ်ခံစားခဲ့ရတဲ့ လူနာတွေရောက်ရှိလာရင် အရေးပေါ်ကုသမှုပေးနိုင်ဖို့ အရေးပေါ်ဌာနမှာ လိုအပ်တဲ့ ဆေးနဲ့ဆေးပစ္စည်း၊ ရေခဲ၊ တဘက် ပြည့်စုံလုံလောက်မှုရှိအောင် ဆောင်ရွက်ထားပါတယ်။ အရေးပေါ်ကုသမှုပြီးရင် medical observation မှာ အဲကွန်းတပ်ဆင်ထားတဲ့ Heat Stroke Corner သီးသန့်ခန်းအတွင်း ခုတင်နဲ့ လိုအပ်တဲ့ဆေးပစ္စည်းတွေ ပြည့်စုံအောင် စုစည်းထားပါတယ်။ Head Stroke Corner မှာ လူနာတွေသက်သာလာပြီဆိုရင် ဖျားနာကုသဆောင်မှာ ဆေးကုသမှုတွေကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ပြည့်စုံလုံလောက်မှုရှိအောင်လည်း ကြိုတင် ညှိနှိုင်းဆောင်ရွက်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် လူနာများကို စနစ်တကျကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးရုံအုပ်ကြီးခေါင်းဆောင်၍ သက်ဆိုင်ရာပါမောက္ခ၊ ဌာနကြီးမှူးများပါဝင်သည့် အဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်၍ လိုအပ်ချက်များကို ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

"အဓိကက အပူဒဏ်ကာကွယ်ရေးနဲ့ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာပေးနိုင်ဖို့ ဆောင်ရွက်ပါတယ်။ ရောဂါဖြစ်ပွားမှုအခြေအနေနဲ့ ဖြစ်ပွားလာရင် သေဆုံးမှုနည်းအောင် ကုသမှုကို စနစ်တကျဆောင်ရွက်ပါတယ်။ လတ်တလောတော့ အပူဒဏ်ကြောင့် ရောဂါခံစားရပြီး ရောက်ရှိလာတဲ့လူနာ တစ်ဦးပဲရှိပါတယ်။ ဖျားနာကုသဆောင်မှာ ကုသမှုတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု မန္တလေးအထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီးက ပြောသည်။

အပူဒဏ်ကြောင့်ဖြစ်ပေါ်လာသည့် ရောဂါများသည် ပူပြင်းသည့်ကာလများဖြစ်သည့် ဧပြီနှင့် မေလများတွင် အများဆုံးဖြစ်ပွားတတ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အပူဒဏ်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာကြရန်နှင့် ရောဂါလက္ခဏာများဖြစ်ပေါ်လာပါက အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေး သက်ဆိုင်ရာဆေးရုံများရှိအရေးပေါ်ဌာနသို့ အချိန်မီလာရောက်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၇၃၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၉**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၁၀ ရက်မှ ၁၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၇၃၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်ခရိုင်စားသုံးသူရေးရာဦးစီးဌာန၌ စားသုံးဆီဖြန့်ဖြူးမှုဆိုင်ရာ တွေ့ဆုံပွဲကျင်းပ

**ကျောက်ဆည် ဧပြီ ၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှကြီးမှူးကျင်းပသော စားသုံးဆီဖြန့်ဖြူးမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က စားသုံးသူရေးရာဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပသည်။



ဦးစွာ စားသုံးသူရေးရာဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးမောင်ထူးက ကျောက်ဆည်ခရိုင်အတွက် တစ်လခွဲတမ်းရ စားသုံးဆီတန်ချိန် ၄၆၆ ဒသမ ၃၀ တန်အား ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များသို့ ဖြန့်ဖြူးမှု အခြေအနေများအား ရှင်းလင်းပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ဈေးကွက်အတွင်း စားသုံးဆီများ စည်းကမ်းချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချသွားရန်နှင့် စည်းကမ်းချက်များကို ဖောက်ဖျက်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဆီလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် အစားအသောက်ဈေးနှုန်းများ မြင့်တက်နိုင်ဟု ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့ သတိပေး




**ဂျီနီဗာ မေ ၉**

အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကြောင့် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်ဈေးနှုန်းမြင့်တက်မှုနှင့် အစားအသောက်မလုံလောက်မှုပြဿနာများ ကြုံတွေ့ရနိုင်ဖွယ်ရှိသည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့က သတိပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကြီးသုံးခုမှ အကြီးအကဲများသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပဋိပက္ခနှင့် အစားအသောက်လုံလောက်မှုမရှိခြင်းတို့ကို ဆွေးနွေးခဲ့ကြပြီး မေ ၈ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

ပဋိပက္ခသည် အရှေ့အလယ်ပိုင်းဒေသတွင်သာမက အခြားသောဒေသများ၌ပါ လူမှုဘဝများနှင့် အသက်မွေးဝမ်းကျောင်းများကို ထိခိုက်စေပြီး ခေတ်သစ်ကာလတစ်လျှောက် ကမ္ဘာ့စွမ်းအင်ဈေးကွက်ကို အကြီးမားဆုံး နှောင့်ယှက်ဖျက်ဆီးမှုများထဲမှ တစ်ခုဖြစ်ခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ စက်သုံးဆီဈေး၊ ဓာတ်ငွေ့ဈေးနှင့် မြေသြဇာဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ သယ်ယူပို့ဆောင်ရေး ပိတ်ဆို့မှုများကြောင့် အစားအသောက်ဈေးနှုန်းများ ဆက်လက်ကြီးမြင့်စေပြီး အစားအသောက်မလုံလောက်မှုပြဿနာကို ဖြစ်ပေါ်စေသည်ဟု ထည့်သွင်းဖော်ပြထားသည်။

ထို့ပြင် ဝင်ငွေနည်းပါးပြီး သွင်းကုန်အပေါ် မှီခိုအားထားနေရသည့် စီးပွားရေးအားနည်းသောနိုင်ငံများအပေါ်တွင် သက်ရောက်မှုပိုမိုပြင်းထန်လာနိုင်သည်ဟုလည်း ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြားအခြေအနေအပါအဝင် အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်မှုမရှိပါက ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှုအန္တရာယ် ပို၍ဆိုးရွားလာနိုင်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် လက်ထောက်အမှုဆောင် ဒါရိုက်တာ ရာနီယာ ဒါဂက်ရှ်-ကာမာရာက ယခုလ အစောပိုင်းတွင် အင်န်အိတ်ချ်ကေသို့ ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဒစ္စနေးကုမ္ပဏီ ဝန်ထမ်း ၁၀၀၀ အထိ လျှော့ချရန်စီစဉ်

**လော့စ်အိန်ဂျလိစ် မေ ၉**

အမေရိကန်ဖျော်ဖြေရေးနှင့် မီဒီယာကုမ္ပဏီကြီးဖြစ်သည့် ဒစ္စနေးသည် လာမည့်သီတင်းပတ်များအတွင်း ဝန်ထမ်းအင်အား ၁၀၀၀ အထိ လျှော့ချရန် စီစဉ်လျက်ရှိကြောင်း သတင်းအရင်းအမြစ်များကိုကိုးကား၍ ဝေါလ်စထရိဂျာနယ်က ဖော်ပြထားသည်။

ဒစ္စနေးကုမ္ပဏီသည် ၎င်း၏ စီအီးအိုအသစ် ဂျို့ရှ် ဒမယ်ရိုလက်ထက် အကြီးမားဆုံးလှုပ်ရှားမှုတစ်ရပ်အဖြစ် ဝန်ထမ်းအင်အား အကြီးအကျယ်လျှော့ချမှုကို လုပ်ဆောင်ရန် ပြင်ဆင်ခြင်းဖြစ်သည်။ အခြားသော ဟောလိဝုဒ် စတူဒီယိုများကဲ့သို့ပင် ဒစ္စနေးကုမ္ပဏီသည် ယခင် Linear ရုပ်မြင်သံကြားမှ ရရှိခဲ့သောအမြတ်နှင့်နှိုင်းယှဉ်ပါက Streaming မှရရှိသောအမြတ်ငွေမှာ လျော့နည်းခြင်းနှင့်အတူ နည်းပညာကုမ္ပဏီများ၏ ပြင်းထန်သောယှဉ်ပြိုင်မှုတို့နှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းနေရသည်။



ဒစ္စနေးကုမ္ပဏီသည် တိုးတက်ရန်အလားအလာရှိသည့် ဒစ်ဂျစ်တယ်စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းနေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အဆိုပါကုမ္ပဏီသည် ဂျို့ရှ်ဒမယ်ရို လက်ထက်မတိုင်မီ စီအီးအိုဟောင်း ဘော့အိုင်ဂါလက်ထက် ၂၀၂၂ ခုနှစ်ကလည်း အဓိကပြန်လည်တည်ဆောက်ရေးအစီအစဉ်ကို စတင်ခဲ့ပြီး ဝန်ထမ်းအင်အား ၈၀၀၀ ကျော်ကို လျှော့ချခဲ့ဖူးသည်။ အသက် ၅၄ နှစ်ရှိပြီဖြစ်သော ဂျို့ရှ်ဒမယ်ရိုသည် ဝေါ့ဒစ္စနေးကုမ္ပဏီ၌ မတ် ၁၈ ရက်မှစတင်ကာ စီအီးအိုဖြစ်လာခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် အီရန် ပစ်ခတ်မှုရပ်စဲရေးသဘောတူညီချက်ကို အိန္ဒိယ၊ ထိုင်း၊ အာဖရိကသမဂ္ဂတို့ ကြိုဆို

**နယူးဒေလီ မေ ၉**

အိန္ဒိယအစိုးရက မေ ၈ ရက်တွင် အမေရိကန်နှင့် အီရန်ကြား ပစ်ခတ်မှုရပ်စဲရေးသဘောတူညီချက်ကို ကြိုဆိုလိုက်ပြီး အရှေ့အလယ်ပိုင်းတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်မျှော်လင့်ကြောင်းနှင့် ဟော်မုဇ်ရေလက်ကြားကိုဖြတ်၍ ကမ္ဘာလုံးဆိုင်ရာ ကူးသန်းသွားလာမှုနှင့် အတားအဆီးမရှိ လွတ်လပ်စွာရေကြောင်းသွားလာခွင့်တို့ကိုလည်း မျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။

အစောပိုင်းကာလက မိမိတို့ စဉ်ဆက်မပြတ် ထောက်ခံအားပေးခဲ့သည့်အတိုင်း အရှေ့အလယ်ပိုင်းတင်းမာမှုအရှိန်လျှော့ချရေး၊ ဆွေးနွေးမှုများလုပ်ဆောင်ရေးနှင့် သံခင်းတမန်ခင်းကိစ္စရပ်များကို ဆောင်ရွက်ရေးသည် လတ်တလောဖြစ်ပေါ်နေသော ပဋိပက္ခကို စောစီးစွာ အဆုံးသတ်နိုင်ရန် မရှိမဖြစ်အလိုအပ်ဆုံးဖြစ်သည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပဋိပက္ခသည် လူများကို အကြီးအကျယ်ဒုက္ခရောက်စေပြီး ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ထောက်ပံ့မှုနှင့် ကုန်သွယ်မှုကွန်ရက်များကို အနှောင့်အယှက်အဟန့်အတားများ ဖြစ်ပေါ်စေခဲ့ကြောင်း အိန္ဒိယက ပြောကြားခဲ့သည်။

ဟော်မုဇ်ရေလက်ကြားတွင် သင်္ဘောများ အတားအဆီးမရှိ လွတ်လပ်စွာ သွားလာခွင့်နှင့် ကမ္ဘာလုံးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးစီးဆင်းမှု ဆက်လက်တိုးတက်နေမည်ဟု မိမိတို့မျှော်လင့်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အတူ အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြားရရှိခဲ့သည့် နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်ကို ထိုင်းနိုင်ငံကလည်း ကြိုဆိုလိုက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရာတွင် ယင်းအခွင့်အရေးကိုဆုပ်ကိုင်ထားရန် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို တိုက်တွန်းထားသည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆီဟာဆက် ဖုန်ကတ်ကရောင်းက ပြောကြားခဲ့သည်။

အလားတူ အာဖရိကသမဂ္ဂကလည်း အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ပစ်ခတ်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက်ကို ကြိုဆိုခဲ့သည်။

**ဆင်ဟွာ**




## အရှေ့အလယ်ပိုင်းဒေသအခြေအနေများကြောင့် သံမဏိညီလာခံကို အိန္ဒိယ ရွှေ့ဆိုင်း

**နယူးဒေလီ မေ ၉**

အရှေ့အလယ်ပိုင်းဒေသ၌ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် ကမ္ဘာလုံးဆိုင်ရာ သံမဏိညီလာခံကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်သည်ဟု အိန္ဒိယအစိုးရက မေ ၈ ရက်တွင် ကြေညာခဲ့သည်။

အနောက်အာရှဒေသအပါအဝင် ကမ္ဘာလုံးဆိုင်ရာ အခြေအနေများကိုသုံးသပ်ကာ Bharat Steel 2026 ညီလာခံကို နောက်ထပ်အကြောင်းကြားမှုတစ်စုံတစ်ရာမရှိမခြင်း ရွှေ့ဆိုင်းလိုက်သည်ဟု သံမဏိဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ Bharat Steel 2026 ညီလာခံကို နယူးဒေလီမြို့၌ မေ ၁၆ ရက်မှ ၁၇ ရက်အထိ ပြုလုပ်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ အွန်လိုင်းလိမ်လည်မှုစင်တာအားလုံးကို ဖယ်ရှားနိုင်တော့မည်ဟု အဆင့်မြင့်ဝန်ကြီးတစ်ဦးပြောကြား

**ဖနောင်ပင် မေ ၉**

ကမ္ဘောဒီးယားနိုင်ငံသည် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေအား အတည်ပြုပြဋ္ဌာန်းပြီးနောက် နိုင်ငံအတွင်းရှိ အွန်လိုင်းလိမ်လည်မှုစင်တာအားလုံးကို ဖယ်ရှားနိုင်မည်ဟု ယုံကြည်ကြောင်း အဆင့်မြင့်ဝန်ကြီးတစ်ဦးက ပြောကြားခဲ့သည်။

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးရုံးမှ အဆင့်မြင့်ဝန်ကြီးတစ်ဦးဖြစ်သူ ချာဟေး စီနာရစ်က မေ ၈ ရက်က ကျင်းပခဲ့သော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေဆိုင်ရာ ရှင်းလင်းပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အစိုးရသည် နည်းပညာအခြေပြု လိမ်လည်လှည့်ဖြားမှုများကို တိုက်ဖျက်ရန် ထိပ်တန်းဦးစားပေးကိစ္စရပ်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို ကမ္ဘောဒီးယားနိုင်ငံမှ လုံးဝပပျောက်စေရမည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စီနာရစ်သည် နယ်စပ်ဒေသတစ်လျှောက်တွင် နည်းပညာအခြေပြုလိမ်လည်မှုများ အားကောင်းစွာ ပြန့်ပွားနေမှုများကို မီးမောင်းထိုးပြလိုက်ပြီး အများပြည်သူလုံခြုံရေးနှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ဆိုးရွားစွာထိခိုက်စေကြောင်းလည်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အွန်လိုင်းလိမ်လည်မှုများကို ဖြိုခွင်းခဲ့ရာတွင် သိသာထင်ရှားသောရလဒ်ကောင်းများလည်း ထွက်ပေါ်ခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

**ဆင်ဟွာ**

# နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဗေယျုံကျောင်းတိုက် ဦးစီးပဓာနနာယက ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ် မင်္ဂလာဗေယျုံကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ(၇၉ နှစ်၊ ၅၉ ဝါ)မဟာထေရ်မြတ်ကြီးသည် ၁၃၇၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၄-၂၀၁၆) (ကြာသပတေးနေ့)၊ မွန်းလွဲ ၁ နာရီ ၁၉ မိနစ်တွင် ဇေယျာသီရိမြို့နယ်၊ အမှတ်(၂) တပ်မတော် ဆေးရုံကြီး (ခုတင် ၁၀၀၀) ၌ ၉၆ ပါးသော ရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ်မင်္ဂလာဗေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိမဟာထေရ်၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ခမည်းတော် ဦးပေါ်အေး - မယ်တော်ဒေါ်ဖွားရှင်တို့က ၁၃၀၉ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၈ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ မဟာထေရ်အား ဥပဇ္ဈာယ် ပြုလျက် ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက်နေ့တွင် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ကျောင်းတိုက် ခဏ္ဍသိမ်၌ သဲတောမြို့ ကိုးတောင်ပြည့် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်အား ဥပဇ္ဈာယ်ပြုတော်မူလျက် တောင်ကြီးမြို့ မင်္ဂလာဦး ရပ်ကွက်နေ ရဟန်းဒါယကာ ဦးလှဝင်း - ရဟန်းဒါယိကာမ ဒေါ်လှဝင်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ၊ မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ လာဘာဝတ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ဘဒ္ဒန္တ နာယကာဘိဝံသ အစရှိသော မစိုးရိမ်နာယက ဆရာတော်များ၊ မစိုးရိမ်တိုက်ကြီးမှ စာချနာယက ဆရာတော်များ၊ မြတောင်တိုက်ရွှေဝါဝင်းကျောင်း ဆရာတော် အစရှိသော ဆရာတော်များထံ၌ စာပေသင်ယူဆည်းပူး တော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ဒုတိယအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ တတိယအကြိမ် မြို့နယ်သံဃနာယက အကျိုးဆောင်၊ စတုတ္ထအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပဥ္စမအကြိမ် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်အဖြစ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များ၊ နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်တည်ထားရာ၌ သြဝါဒါစရိယအဖြစ်လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သြဝါဒါစရိယအဖြစ်လည်းကောင်း၊ သတ္တသတ္တာဟ စေတီတော်မြတ်ကြီး၏ သြဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ပျဉ်းမနားမြို့၊ သမိုင်းဝင်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီးနှင့် ဘုရားကိုးဆူစေတီတော်မြတ်ကြီးတို့၏ သြဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

နေပြည်တော် ပျဉ်းမနားမြို့၌ ဓမ္မာစရိယ စာဖြေဌာနနှင့် နိကာယ် စာဖြေဌာနများ ဖြစ်ပေါ်လာအောင် တာဝန်ယူဆောင်ရွက်တော်မူခဲ့ပြီး စာမေးပွဲဆိုင်ရာကိစ္စများ၌ နိကာယ် စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် ယဉ်ကျေးမှုစာမေးပွဲများ၏ သြဝါဒါစရိယဆရာတော်အဖြစ် သာသနာရေးဆိုင်ရာတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ ပရိယတ္တိ ဆေကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၁၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါအရ ၁၃၇၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၄-၂၀၁၆) ကြာသပတေးနေ့၊ မွန်းလွဲ ၁ နာရီ ၁၉ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

**ပေါင် ဧပြီ ၉**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက လူစည်ကားရာလမ်းဆုံနှင့် ကဒါ ရပ်ကွက် မင်္ဂလာဈေးတို့၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ဈေးအတွင်း လမ်းသွား လမ်းလာ ဒေသခံပြည်သူများအား အပူဒဏ်အန္တရာယ်ကြိုတင် ကာကွယ်နိုင်ရန် လိုက်နာရမည့် အချက်များကို အသိပညာပေး တိုက်တွန်းနှိုးဆော်ခဲ့သည်။

ထို့နောက် ကျန်းမာရေး အသိပညာ မြှင့်တင်ရေးဌာနခွဲမှ ထုတ်ဝေသည့် အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများနှင့် ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း အကြောင်းအရာပါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



# ရွှေတောင်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ကျန်းမာရေး အသိပညာပေး

**ရွှေတောင် ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် မြို့ပြနှင့်ကျေးလက်ဒေသများအတွင်း အပူဒဏ်အန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုများနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယနေ့နံနက်ပိုင်းက မြို့မကျေးရွာအုပ်စု အတွင်းရှိ မြို့မကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးဝန်ထမ်းများနှင့် လူထုကျန်းမာရေးလုပ်သားများက ကျေးရွာနေပြည်သူများအား အပူဒဏ်အန္တရာယ် ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို ကျန်းမာရေးအသိပညာ ပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဧပြီ ၉**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်း အတွက် **မြန်မာနိုင်ငံဘာသာပြန် စာပေအသင်းကြီး**က ထုတ်ဝေခဲ့သည့် **"နှစ်ငါးဆယ်သယ်ယူပို့ဆောင်ရေး"** စာအုပ်ကို ၂၀၁၆ ခုနှစ် ဧပြီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှ တစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


**၉ - ၄ - ၂၀၁၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


# ၂၀၂၆ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

ပုံ (၂)၊ ၂၀၂၆ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၆ ခုနှစ် မတ်လအတွင်း စခန်း ၂၂ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၂ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5–8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။(ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် မတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၂ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၆ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**


| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၅ |
| ၃ | လားရှိုး | ၆.၆ |
| ၄ | တောင်ကြီး | ၆.၈ |
| ၅ | မိုင်းဆတ် | ၆.၆ |
| ၆ | ကျိုင်းတုံ | ၇.၁ |
| ၇ | စစ်ကိုင်း | ၆.၅ |
| ၈ | ဟားခါး | ၇.၁ |
| ၉ | ညောင်ဦး | ၆.၉ |
| ၁၀ | မုံရွာ | ၆.၈ |
| ၁၁ | ပျဉ်းမနား | ၆.၅ |
| ၁၂ | ပြင်ဦးလွင် | ၆.၉ |
| ၁၃ | ကလေးဝ | ၆.၉ |
| ၁၄ | ရန်ကုန် (ကမ္ဘာအေး) | ၆.၈ |
| ၁၅ | မှော်ဘီ | ၆.၈ |
| ၁၆ | အောင်လံ | ၇.၂ |
| ၁၇ | လှိုင်ကော် | ၆.၈ |
| ၁၈ | စစ်တွေ | ၇.၃ |
| ၁၉ | ပြည် | ၇.၂ |
| ၂၀ | ပုသိမ် | ၆.၅ |
| ၂၁ | မအူပင် | ၇.၂ |
| ၂၂ | ဘားအံ | ၆.၇ |

# ၂၀၂၆ ခုနှစ် မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (FPM–377C)ဖြင့် လေထုအတွင်း 2.5µm နှင့်အောက် သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မတ်လအတွင်းတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး) ရုံး၏ လေအရည်အသွေးမှာ မတ်လအတွင်းတွင် အသင့်အတင့်အဆင့်၌ ၉ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၂၁ ရက်၊ ကျန်းမာရေးကို ထိခိုက်စေသော အဆင့်၌ ၁ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ အသင့်အတင့်အဆင့်၌ ၅ ရက်၊ ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၈ ရက် နှင့် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၁၈ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။


**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**





ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း(AQI) | လေအရည် အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့် အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည် နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်း ကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေ ပိုများသည်။ |



## မိုင်းဖြတ်မြို့နယ်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ တွေ့ဆုံပွဲကျင်းပ

**မိုင်းဖြတ် မေ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များသည် မေ ၇ ရက်က နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက နယ်စပ်ဖြတ်ကျော် မီးခိုးမြူထိန်းချုပ်ရေးအားလုံးပူးပေါင်းပါဝင်ပေးခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး ကြည်လင်သောကောင်းကင် သန့်ရှင်းသောလေကို အတူတူခံစားကြပါစို့ အသိပညာပေးဗီဒီယိုကို ပြသသည်။ ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက ရာသီဥတုပြောင်းလဲမှု တောမီးနှင့် မီးခိုးမြူငွေ့တားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မီးခိုးမြူငွေ့ကင်းစင်ဖို့ စိုက်ပျိုးရေးစနစ်များပြောင်းလဲစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံတောင်သူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ခနောင်...

## ဓနုဖြူမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဓနုဖြူ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဗဟိုရေကစားမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်၊ သနပ်ခါးမဏ္ဍပ်၊ ယိမ်းအဖွဲ့ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဓနုဖြူမြို့နယ်၌ ဗဟိုရေကစားမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်၊ သနပ်ခါးမဏ္ဍပ်တို့ကို မဟာဗန္ဓုလလမ်းနှင့် ရတနာစမ်းချောင်းလမ်းတို့တွင် တည်ဆောက်မည်ဖြစ်ပြီး ယိမ်းအဖွဲ့များက ကပြယှဉ်ပြိုင်ခြင်းများ၊ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာအလှူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေကြမည့် ယိမ်းအဖွဲ့များက မိမိတို့ရပ်ကွက်အလိုက် ကြိုတင် လေ့ကျင့်လျက်ရှိသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဒိုက်ဦး မေ ၉**

ဒိုက်ဦးမြို့၌ မေ ၁၃ ရက်မှ ၁၆ ရက်အထိ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် ဒိုက်ဦးမြို့နယ်အတွင်း ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်း၊ လမ်းလျှောက်သင်္ကြန်နှင့် သနပ်ခါးလိမ်းခြယ်ပွဲပြုလုပ်ခြင်း၊ ရေကစားမဏ္ဍပ်များ ဆောင်ရွက်ခြင်း၊ စတုဒိသာများ ကျွေးမွေးညှော့ခံခြင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ပရိတ်တရားတော်နာယူခြင်းနှင့် ပဋ္ဌာန်းပွဲကျင်းပခြင်း၊ သက်ကြီးဘိုးဘွားပူဇော်ခြင်းနှင့် ဇီဝိတဒါနငါးလွှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ ဖျော်ဖြေရေးမဏ္ဍပ်၏ တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းတို့တွင် ကျင်းပမည်ဖြစ်ပြီး ဖျော်ဖြေရေးယိမ်းအဖွဲ့ ငါးဖွဲ့ရှိ လုပ်ပျိုဖြူများက ယိမ်းအကများ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပိန်းဇလုပ် -သိန်းညွန့်**

## တပ်ကုန်းမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပနိုင်ရေးဆောင်ရွက်

**တပ်ကုန်း မေ ၉**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် မေ ၆ ရက်က တပ်ကုန်းမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗိုလ်မင်းရောင်ရပ်ကွက် မိုဃ်းကောင်းဆုတောင်းပြည့်ဘုရားရင်ပြင်တော်၌ လုပ်ငန်းဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ မြို့နယ်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ၊ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗဟိုမဏ္ဍပ်ဆောက်လုပ်ရေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ စတုဒိသာမဏ္ဍပ်များ၊ သနပ်ခါးမဏ္ဍပ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ပွဲတော်လုံခြုံရေး၊ ကျန်းမာရေး၊ ယိမ်းအဖွဲ့နှင့် ဖျော်ဖြေရေးဆောင်ရွက်ထားရှိမှု လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်က မဟာသင်္ကြန်ပွဲတော် ပိုမိုစည်ကားနိုင်ရေး၊ အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် တင်ပြမှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတွက် အလှူငွေကျပ်သိန်း ၃၀ ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌထံ ပေးအပ်ကာ ဗဟိုမဏ္ဍပ်တည်ဆောက်ထားရှိမှုနှင့် လမ်းလျှောက်သင်္ကြန်နေရာကို ကြည့်ရှုစစ်ဆေးသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## မအူပင်နှင့် ဖျာပုံခရိုင်အတွင်း စားအုန်းဆီ စနစ်တကျဖြန့်ဖြူးရောင်းချစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မအူပင် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်နှင့် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များတွင် စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းများ စနစ်တကျမှန်ကန်စေရေးနှင့် စားသုံးသူပြည်သူများ သတ်မှတ်ဈေးနှုန်း၊ သတ်မှတ်ပမာဏအတိုင်း ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက်က မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းကျော်က စားအုန်းဆီ ဖြန့်ဖြူးနေမှု စနစ်အပေါ် စနစ်တကျမှန်ကန်မှုရှိစေရေးနှင့် စားသုံးသူပြည်သူများ သတ်မှတ်ထားသော ခွဲဝေမှုများအတိုင်း ဖြန့်ဖြူးပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ခရိုင်အတွင်း စားအုန်းဆီဖြန့်ဖြူးရောင်းချပေးမှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းက တိုင်းဒေသကြီးအတွင်း ပြည်သူများထံသို့ ဆီဖြန့်ခွဲရောင်းချပေးမှုနှင့် စက်မှုလုပ်ငန်းသုံးဆီ ဖြန့်ဖြူးရောင်းချပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနှင့် ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးထွေးသိမ်းတို့က ခရိုင်အတွင်း စားသုံးဆီရရှိမှုနှင့် ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## တောင်ငူမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်၌ ဖျော်ဖြေရေးယိမ်းအဖွဲ့များ ကြိုတင်လေ့ကျင့်

**တောင်ငူ မေ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကျင်းပမည့် ဗဟိုမဏ္ဍပ်ကို ဗိုလ်မှူးဖိုးကွန်းလမ်း ကေတုမတီမုခ်ဦးရှေ့၌ တည်ဆောက်လျက်ရှိပြီး ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့များ ဖျော်ဖြေရန် ကြိုတင်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

တောင်ငူမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယခုနှစ်တွင် ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့ ၁၃ ဖွဲ့ဖြင့် ဖျော်ဖြေကြမည်ဖြစ်ပြီး သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြရန်ရပ်ကွက်ကျေးရွာအုပ်စုများ၌ ကြိုတင်လေ့ကျင့်လျက်ရှိပြီး အဆိုပါယိမ်းအဖွဲ့များနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များတွင် DJ နှင့် ဒေသခံအဆိုတော်များအပြင် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် ဂျေညီမလေး၊ ရွှေနန်းထက်၊ ဝင်းလဲ့ချယ်ရီ၊ သရုပ်ဆောင်ကေရီစုစံနှင့် Kb ခွန်ဇာနည်တို့က ဖျော်ဖြေကြမည်ဖြစ်သည်။

ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်၊ မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန်နှင့် လက်ဖက်သင်္ကြန်တို့တွင် လာရောက်ရေကစားမည့်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ရေရရှိရေးကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ထားရှိပြီး အလှူရှင်များက စတုဒိသာအလှူများဖြင့် ကျွေးမွေးနိုင်ရေးနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးဘိုးဘွားပူဇော်ပွဲ၊ အန္တရာယ်ကင်း ပရိတ်တရားပွဲကျင်းပနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဇော်ကိုကို(တောင်ငူ)**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာနယ် ထွက်ရှိ



၁၅-၄-၂၀၁၆ ရက်နေ့ထုတ် အတွဲ (၂၃)၊ အမှတ် (၈) တွင်
- ထူးခြားသော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသည့် လမြတ်ကဆုန်
- နှစ်လအတွင်း ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်ရရှိ
- လောင်းကစားနှင့်ပတ်သက်၍ ကြော်ငြာနေသော အင်တာနက် ဆယ်လီများကို အရေးယူရန်လို
- ရန်ကုန်တိုင်းဒေသကြီး၌ ရီဘက်စတာကော်ဖီ ၂၀၃၉၀ ဧက စိုက်ပျိုးမည်
- ဈေးကွက်ကောင်းသည့် ငှက်ပျောစိုက်ပျိုးမှု ပိုမိုများပြားလာ
- တရုတ်နိုင်ငံ ပေကျင်းမြို့သည် လေထုညစ်ညမ်းမှု အများဆုံးလျော့ချနိုင်သော မြို့ဖြစ်လာ
- ပြီးခဲ့သော ဆယ်စုနှစ်သည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံး ဆယ်စုနှစ်ဖြစ်ကြောင်း ကုလသမဂ္ဂ ထုတ်ပြန်
- အုမကြီးကင်ဆာကြောင့် သေဆုံးမှုနှုန်း မြင့်တက်လာ စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

နေရောင် အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။



ရတနာပုံတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ချမ်းမြရုံသီပရိယတ္တိ သီလရှင်စာသင်တိုက်၌ သီလရှင် အပါး ၁၀၀ အား မြန်မာ့နှစ်သစ်ကူး အကြို (တတိယအကြိမ်) နေ့ဆွမ်းဆက်ကပ်ပွဲနှင့် သီလရှင်ဝတ်စုံ လှူဒါန်းပွဲတွင် ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များနှင့် သင်ကြား၊ စီမံပညာရေးမိသားစုများက သီလရှင်ဝတ်စုံ နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို မေ ၈ ရက်က ဆက်ကပ်လှူဒါန်းကြစဉ်။

တင်မောင်-မန္တလေး



## သနပ်ပင်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**သနပ်ပင် မေ ၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းအဖြစ် ယမန်နေ့က မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခွန်စောထွန်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မြို့မဈေးအတွင်းနှင့် ဈေးရှေ့၌ လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် နွေရာသီအပူချိန်များ မြင့်တက်လာသဖြင့် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်း၊ အပူဒဏ်ကြောင့် အပူလွန်ရောဂါ၊ ခန္ဓာကိုယ်ရေဓာတ်ခန်းခြောက်ခြင်းနှင့် မူးဝေခြင်းတို့ ဖြစ်နိုင်ကြောင်း၊ ပြည်သူများအနေဖြင့် နေပူထဲမထွက်ရန်၊ မဖြစ်မနေအပြင်ထွက်ရပါက ခေါင်းအုပ်၊ ထီး သို့မဟုတ် အကာအကွယ်အသုံးပြုရန် လိုအပ်ကြောင်း၊ အပူဒဏ်ကြောင့် မူးဝေခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ မောပန်းခြင်းစသည့်လက္ခဏာများ ဖြစ်ပေါ်ပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ကုသမှုခံယူရန် အရေးကြီးကြောင်း အသိပညာပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး ကြံရွက်ခြောက် သဘာဝမြေဩဇာထည့်သွင်း၍ မြေဆွေးပြုလုပ်

**လယ်ဝေး မေ ၉**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ကြံသီးနှံမျိုးသန့်ခြံ (သဲဖြူချောင်း) ၌မေ ၇ ရက်က မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးကြံရွက်ခြောက်သဘာဝ မြေဩဇာ ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် မြေဆွေးပုံပြုလုပ်သုံးစွဲနိုင်ရေး တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ဆောင်ရွက်သည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲ၊ ကြံသီးနှံမျိုးသန့်ခြံ(သဲဖြူချောင်း)မှ ခြံတာဝန်ခံ ဒေါ်နော်မြမြစိမ်းနှင့် မြို့နယ်စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးစောဝင်းတို့က မြေဆွေးပုံပြုလုပ်သုံးစွဲနည်းနှင့် အကျိုးကျေးဇူးများကို သရုပ်ပြရှင်းလင်းဆွေးနွေးပြီး သဲဖြူ ရေပြာ၊ ကန်တော်မင်္ဂလာ၊ အင်ပင်သာကျေးရွာများမှ ဒေသခံတောင်သူ ၄၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**



## မြစ်သားမြို့၌ အပူဒဏ်ကြောင့်ဖြစ်တတ်သော ရောဂါများအတွက် ကျန်းမာရေးကုသပေးမည့်နေရာ ကြိုတင်ပြင်ဆင်

**မြစ်သား မေ ၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ ပြည်သူ့ဆေးရုံ၌ မေ ၄ ရက်က အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများအတွက် လာရောက်



ပြသသည့် လူနာများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကုသပေးမည့်နေရာ ကြိုတင်စီစဉ်ထားကြောင်း သိရသည်။

အပူဒဏ်ကြောင့် ဖြစ်တတ်သောရောဂါများအတွက် ကြိုတင်စီစဉ်ထားရှိမှုနှင့် ပတ်သက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာနေအောင်စိုးက မြစ်သားမြို့ ပြည်သူ့ဆေးရုံ၌ လူနာများ လက်ခံကုသပေးမည့်နေရာကို ကြိုတင်စီစဉ်ထားရှိခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားရှိခြင်း၊ အပူဒဏ်အန္တရာယ်လူနာများ အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်းလမ်းညွှန်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းအပါအဝင် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မြစ်သားမြို့ ပြည်သူ့ဆေးရုံ၌ အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သောရောဂါများ လာရောက်ပြသကုသရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**



## မအူပင်မြို့၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မအူပင် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ မီးဘေးအန္တရာယ်လုံခြုံမှုရှိစေရန်အတွက် မေ ၇ ရက်က စည်ပင်သာယာဈေးများအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဈေးတာဝန်ခံများပူးပေါင်း၍ ဈေးမီးဘေးလုံခြုံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်များဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် သုံးစွဲမှု၊ မီးငြှိမ်းသတ်ရေးပစ္စည်းကိရိယာများ စနစ်တကျထားရှိသုံးစွဲမှု၊ ရေသိုလှောင်ထားရှိမှုနှင့် ဈေးပတ်ဝန်းကျင် မီးဘေးအန္တရာယ်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဈေးအတွင်းတပ်ဆင်ထားသည့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများအား အရေးပေါ်အချိန်တွင် အသုံးပြုနိုင်ရန် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**အောင်မြင့်မြတ်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**သာစည် မေ ၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြှိမ်းသတ် သရုပ်ပြသခြင်းများ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီမှူး ဦးထွန်းထွန်းဝင်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအကြံပြုဆွေးနွေးကာ မြို့နယ်ဒုတိယဦးစီးမှူး ဦးသန့်ဇင်ထွန်း(တာဝန်ခံ)နှင့် ဝန်ထမ်းများအား မီးလောင်မှုဖြစ်ပွားသည့် အကြောင်းရင်းများ၊ မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အချက်များ၊ မီးငြှိမ်းသတ်ရာတွင် ဆောင်ရွက်သင့်သည်များ၊ မီးသတ်ဆေးဘူး အသုံးပြုပုံများနှင့်



191 Report Application အသုံးပြုခြင်းများကို အသိပညာပေးဟောပြောသည်။ ထို့နောက် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်ခြင်းများ ပြသပေးပြီး ဝန်ထမ်းများအား လက်တွေ့မီးငြှိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်

**မော်လမြိုင် မေ ၉**

ယခုကာလသည် ပူပြင်းသောကာလဖြစ်သဖြင့် နေ့အခါ ပြင်ပ၌ မဖြစ်မနေ အလုပ်လုပ်ကိုင်နေရသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အနေဖြင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများ ဖြစ်ပွားပြီး ပြည်သူ့ဆေးရုံများသို့ တက်ရောက်သည့်လူနာများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် မော်လမြိုင် ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ လူနာများလက်ခံကုသပေးမည့် နေရာများကို အရေးပေါ်ကုသနိုင်ရေး ကြိုတင်ပြင်ဆင်ထားခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကုသမှုလုပ်ငန်းညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါအရေးပေါ်လူနာလက်ခံရာဌာနတွင်အပူဒဏ်အန္တရာယ်လူနာများ ရောက်ရှိလာသည့်အခါ လူနာများအား ကုသမှုပေးနိုင်ရေး အထူးစီစဉ်ထားသည့်အခန်းသို့ ခေါ်ဆောင်ပြီး လိုအပ်သော ဆေးဝါးကုသမှုများ ဦးစွာပေးပြီး အခြေအနေတည်ငြိမ်လာပါက ဆေးကုသဆောင်သို့ ထပ်မံပို့ဆောင်ကာ သီးသန့်အခန်းတွင် ထားရှိ၍ ဆေးကုသပေးမည် ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# " ဂုဏ်ယူဝမ်းမြောက်ခြင်း "

ပြည်သူ့ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခံရသည့်

**နိုင်ငံတော်သမ္မတကြီး**

**"မိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်"**

**နှင့် အစိုးရအဖွဲ့အတွက်**

အထူးဂုဏ်ယူဝမ်းမြောက်ပြီး နိုင်ငံတော်၏ အနာဂတ်အတွက်

အပြည့်အဝ ယုံကြည်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိ ဖြစ်ရပါသည်။

သမ္မတကြီးနှင့် အစိုးရအဖွဲ့မှ နိုင်ငံတော်နှင့်ပြည်သူများကို ဦးဆောင်ပြီး

ပိုမိုကောင်းမွန်သော ခေတ်သစ် မြန်မာနိုင်ငံတော်ကြီး တည်ဆောက်နိုင်ပါစေကြောင်းနှင့်

သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံ့တာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

UMFCCI

နာယက

ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

# “ ဂုဏ်ယူဝမ်းမြောက်ခြင်း ”

ပြည်သူများ လိုလားချက်နှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းခံရသည့်

## နိုင်ငံတော်သမ္မတကြီး

## “ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်”

## နှင့် အစိုးရအဖွဲ့ ကို

လှိုက်လှဲဝမ်းသာစွာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့အဆင့်မီ ဒီဂျစ်တယ် မြန်မာနိုင်ငံတော်သစ်
တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန်
ပူးပေါင်းပါဝင် ထမ်းရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၅ Esports ကမ္ဘာ့ဖလားပြိုင်ပွဲတွင်
ကမ္ဘာ့ဖလား (ရွှေတံဆိပ်ဆု) ရရှိခဲ့သည့် မြန်မာနိုင်ငံ Esports အားကစားအဖွဲ့ချုပ်၊
Esports အသင်းများနှင့် Esports လူငယ်ထုတစ်ရပ်လုံးမှ
လေးနက်စွာ ကတိပြုအပ်ပါသည်။

ဦးဆောင်နာယက
နာယက၊ ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် (MESF)

## ကုန်အမှတ်တံဆိပ် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သာကေတစက်မှုဇုံ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် (၁၃၇/က)တွင်တည်ရှိသော HONESTY BUSINESS ENTERPRISE CO.,LTD သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှ တစ်ဦးတည်း အသုံးပြုရန်အတွက် ရန်ကုန်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် - ၄/၃၀၃၄/၂၀၂၆ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

Hakumi ဟကုမိ

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ငှက်သိုက်အမျိုးမျိုး၊ ဖြည့်စွက်စာအမျိုးမျိုး၊ ကျန်းမာရေးနှင့်ပတ်သက်သည့် ဖြည့်စွက်စာအမျိုးမျိုး (နိုင်ငံတကာကုန်အမှတ်တံဆိပ်နှင့် ဝန်ဆောင်မှုအတန်းအစားသတ်မှတ်ချက် ၅၊ ၂၉၊ ၃၅) တို့ကိုထုတ်လုပ်ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချပြီး အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အခြားကုမ္ပဏီများမှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲခြင်းတို့ကို လုံးဝမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ - ဒေါ်နန်းမိုခမ်းအောင် (စဉ် - ၁၀၂၇၃)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၂၅၄၄၈၂၆၈၁

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်အောင် (၁၂/ကမရ(နိုင်)၀၁၁၆၅၂) သည် ဆရာဝန်တစ်ဦးဖြစ်ပြီး လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ကောင်းသောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာရပ်တည်နေထိုင်သူ တစ်ဦးဖြစ်ပါသည်။ ဦးကျော်ကျော်အောင်၏ ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ ၎င်း၏မိတ်ဆွေအပေါင်းအသင်းနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်းကောင်း၊ အများပြည်သူသို့လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာကို အသုံးပြု၍လည်းကောင်း၊ အသရေပျက်စေရန်ရည်ရွယ်၍ မမှန်ကန်သည့်အကြောင်းအရာများ ဖော်ပြပြောဆိုကြေညာခြင်း၊ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ အသရေ ပျက်စေသော အရေးအသားများဖြင့် ရေးသား၍ ဖြန့်ဝေခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)
ဖုန်း-၀၉ - ၄၂၀၀၄၇၅၅၅

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့၊ ပဲခူးလမ်းရပ်ကွက်ရှိ အကွက်အမှတ်(၁-ခ)၊ ကြက်သွန်ခင်းရပ်၊ ဦးပိုင်အမှတ်(၂-ဗ)၊ ဧရိယာ(၀.၁၈၆) ဧကရှိ လျှောက်ထားမြေ၏ အရှေ့ဘက်တွင် ဦးပိုင် (၂-သ) ဦးသူလွင်ထွန်း၊ အနောက်ဘက်တွင် ဦးပိုင်(၂-ဈ)၊ ဒေါ်အေးခိုင်၊ တောင်ဘက်တွင် ဦးပိုင် (၂-စ) ဒေါ်သန်းလှ၊ မြောက်ဘက်တွင်ဦးပိုင်(၂-သ)ဦးသူလွင်ထွန်း အလားလေးရပ်အတွင်းရှိ မြေအား ဒေါ်သန်းသန်းဆွေ ၁၂/အလန(နိုင်)၀၀၇၉၈၆ မှ မြေငှားဂရန်အသစ်ခွင့်ပြုရရှိရေး မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး လျှောက်ထားလာသဖြင့် သတင်းစာတွင် စတင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်သည့်ရက်အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဒေါ်သန်းသန်းဆွေအား မြေငှားဂရန်အသစ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုတ်တွင်းမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25U/9969 ယာဉ်လက်ဝယ်ရှိသူ Great Sapphire Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရမည်းသင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/ 31058 ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၉/ရမသ(နိုင်)၀၉၅၁၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရမည်းသင်း)

## ကန့်ကွက်နိုင်ပါကြောင်း

ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ အကွက်အမှတ်(၈)၊ အကွက်အမည် အလယ်ပိုင်း၊ ဦးပိုင်အမှတ် (၇၈)၊ မြေကွက်အမှတ် (၄၅၉)၊ ဧရိယာ(၀.၀၄၄) ဧကအတွင်းမှ ဧရိယာ(၀.၀၁၄)ရှိ ဘိုးဘပိုင်မြေ မူလအမည်ပေါက် ဦးတင်မောင်မိုး-ဒေါ်မြင့်မြင့်ဝင်း အမည်မှ ဦးအောင်ကိုကိုထွန်း အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပန်းတနော်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း။

မြို့နယ်မြေစာရင်းဦးစီးဌာနမှူး
ပန်းတနော်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/4235, KIA BONGO III, Pick Up (4x2) L ယာဉ် လက်ဝယ်ရှိသူ ဦးဇော်ဇော်အောင် ၉/ခအဇ(နိုင်)၀၂၅၃၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)
## ပြင်ဦးလွင်မြို့နယ် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈

ဒေါ်မြင့်မြင့်စန်း နှင့် ဦးမျိုးဝင်း
တရားလို တရားပြိုင်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀) နေ တရားပြိုင် ဦးမျိုးဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်စန်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် ) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးနိုင်လင်း)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 20W/36625 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 11W/42303 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၁၀) ၊ ကွင်း / အကွက်အမှတ် ( ၃/ပဒေသာ) ၊ ဦးပိုင်အမှတ် ( ၃၄၂ ) ၊ မြေဧရိယာ ( ၀ဒသမ၁၁၀ ) ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးမြင့်မောင် (၇/ပမန(နိုင်)၀၀၉၈၇၇)မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ( ၁၅ ) ရက် အတွင်းမြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
ပြင်ဦးလွင်မြို့

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ ကျောင်းစုရပ်ကွက်၊ ပြည်တော်သာ (၂)လမ်းရှိ မြေကွက်အကျယ်အဝန်း အလျား ပေ(၁၀၀)x အနံ (၂၈)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဟန်ဇော်ဦး (ဘ) ဦးလှပြုံး ၇/သဝတ(နိုင်)၀၇၈၄၇၂ နှင့် ဒေါ်ဇင်မာသူ (ဘ)ဦးသိန်းထွန်း ၇/သဝတ(နိုင်)၀၉၀၃၀၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးစန္ဒာဦး ၇/သဝတ(နိုင်) ၁၀၇၃၃၃ က ကာလပေါက်ဈေးဖြင့် ငွေပေးချေကာ အပြီးအပိုင်ဝယ်ယူ၍ လက်ရောက် ရရှိထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား သက်ဆိုင်ရာ ရုံးဌာနအသီးသီးတွင် ဝယ်ယူသူမှ အမည်ပေါက် ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်သော ပိုင်ရေးပိုင်ခွင့်ရှိသူများမှ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးစန္ဒာဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးဖြိုးမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၈၅၁)
ငြိမ်းချမ်းရေးကျောင်းလမ်း၊ ကွက်သစ်ရပ်ကွက်၊ သာယာဝတီမြို့၊
ဖုန်း- ၀၉-၂၅၀၅၆၇၄၈၀

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်စောအောင်လမ်း၊ အကွက်အမှတ်(၂၅/ဗိုလ်ချုပ် ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(က/၂၅/၂၂၅)၊ မြေကွက်အမှတ် (၀/၈၇)၊ ဧရိယာ (၀.၀၆၂)ဧကအကျယ်ရှိ ဂရန်အမှတ်တွဲအမှတ်- RPNO ၁၂၃/V/၁၉၉၀-၉၁ အရ ဦးကျော်သူ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဇင်ဘိုလွင် (၁၀/မဒန(နိုင်)၁၆၇၃၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော (၁) ဦးအောင်ဝင်း(၁၂/မရက (နိုင်)၀၅၂၅၂၃)၊ (၂) ဒေါ်သင်းသင်းကျော်(၁၂/မရက(နိုင်)၁၁၇၉၇၁) တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာမြင့်အောင် (LL.B, D.BL) (စဉ်-၂၀၀၇၈)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၂၈ )၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊
သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၂၅၃၇၃၇၇

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၄၇၃)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဦးမြင့်နိုင်ထွန်း (ဘ)ဦးစိုးမြင့် ၉/ပမန(နိုင်)၁၇၈၂၁၇ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးကျော်သိန်း (ဘ)ဦးဟန်သိန်း ၈/မဘန(နိုင်)၀၀၅၁၀၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၅)၊ အကွက်အမည် (ဈေးဟောင်းအကွက်)၊ ဦးပိုင်အမှတ် (၉၆)၊ မြေဧရိယာ (၀ ဒသမ ၀၆၉) ဧကရှိ မြေကွက်အား ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဦးဉာဏ်ရွှေမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်အတူ မြို့နယ်မြေစာရင်း ဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဘားအံမြို့နယ်
မြေစာရင်းဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - အောင်ချမ်းသာတိုးချဲ့ - ၂၊ မြေကွက်အမှတ် (၁၀၂)၊ အလျား x အနံ ပေ( ၄၀' x ၆၀' ) အကျယ်ရှိ ဗိုလ်ကြီးအောင်ဆန်းထွန်း (ငြိမ်း) အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမြင့်အောင် (၁၂ /ကမရ(နိုင်)၀၂၆၅၀၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မိုးမိုးငြိမ်း ( ၁၂ / ဒဂရ(နိုင်)၀၀၂၇၉၃) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ နှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇာနည် ( LL.B,DBL,DIPL)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၆၆၈)
အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ် (၅၀၁) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သင်းသင်းအေး (၁၂/စခန(နိုင်)၀၃၇၂၉၉) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးခိုင်ထက်ထွန်း(၁၂/ဥကတ(နိုင်)၁၇၂၀၀၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိက ကျွန်ုပ်တို့ ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/ မြို့ | ရပ်/ကျေး | အကွက်အမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | အကြောင်း အရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်နော်လယ်ဆဂီး | ပုသိမ် | အမှတ်(၃) | ၄၀-ခ/တိုင်တရာကျောင်း | ၃၁-က | ၀.၀၉၇ | |
| ၂ | ဒေါ်သန်းသန်းအေး | ပုသိမ် | အမှတ်(၈) | ၁၂၀/စမ်းကန်ကုန်း | ၄၉-က၊ ၅၁၊ ၅၂-က | ၀.၁၃၀ | |
| ၃ | ဒေါ်အိမွန်သန်း | ပုသိမ် | အမှတ်(၃) | ၃၆/ဈေးချောင်းမြောက် | ၂၄-လလ/ ၁-၂၄-မမ | ၀.၀၈၀ | |
| ၄ | ဦးစိုင်းအိုက်လျှံ | ပုသိမ် | အမှတ်(၁၁) | ၅၀/သစ်ညိုကုန်းကွင်း | ၇ | ၀.၀၇၈ | |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၅၄ )၊ မြေကွက်အမှတ်( ၂၉၃/ခ)၊ အကျယ်အဝန်း( ပေ ၂၀ x ပေ ၆၀ )ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်( ၂၉၃/ခ )၊ နေသုခလမ်း၊ ( ၅၄ ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်သူ-ဦးစိုးမြင့် ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် မိမိမှဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးနိုင်စံထွန်း (၁၂/ဥကတ (နိုင်) ၀၇၇၄၃၆) ထံမှ ကျွန်မ ဒေါ်ဝေဝေတင့် က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၈-၄-၂၀၂၆) ရက်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ဝေဝေတင့် ၁၂/တမန(နိုင်) ၀၈၃၄၉၁
အမှတ်( ၃၀ )၊ မအူကုန်းလမ်းကျယ်၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း - ၀၉ -၄၂၁၀၃၂၂၅၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2U/3493, Grand Royal GR200ZH ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်း ၉/မထလ (နိုင်) ၁၃၁၆၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9P/3962 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၇/တငန(နိုင်)၀၉၆၉၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/68407 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လွင် ၇/ပခန(နိုင်) ၂၄၃၀၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4U/7356, Lifan LF200ZH2A ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထူး ၉/မထလ (နိုင်)၁၃၂၀၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အိတ်ဖွင့်တင်ဒါအပြိုင်ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်ရှိပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်ပါ သည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | DE/CAP (26-27)(001) | Marine Diesel Engine & Propulsion Unit | ၂ စုံ |
| (ခ) | DE/CAP (26-27)(002) | Air Bag (20 Meter Length) | ၁၂လုံး |
| (ဂ) | DE/CAP (26-27)(003) | Anchor Windlass Complete Set | ၂ စုံ |
| (ဃ) | DE/CAP (26-27)(004) | Mini Excavator 8 tons | ၂ စီး |
| (င) | DE/CAP (26-27)(005) | Transformer 11/0.4 KV, 630 KVA | ၁ စုံ |

၂။ တင်ဒါပုံစံများရောင်းချမည့်ရက် - ၂၇-၄-၂၀၂၆ မှ ၅-၅-၂၀၂၆ ရက်အထိ (ရုံးဖွင့်ရက်များသာ)

၃။ တင်ဒါပုံစံရောင်းချမည့်အချိန် - ၁၀:၀၀ မှ ၁၆:၀၀ နာရီအတွင်း

၄။ တင်ဒါဖွင့်မည့် ရက်နှင့်အချိန် - ၆-၅-၂၀၂၆ရက် (၁၀:၀၀) နာရီ

၅။ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ - ၀၁၈၂၅၀၂၅၁၊ ၀၁၈၃၈၄၂၅၂

၆။ ဆက်သွယ်ရန်လိပ်စာ - ထောက်ပံ့ရေးဌာနခွဲ၊ စီမံရေးရာဌာန၊ အမှတ်(၅၀) ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရန်ကုန်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ်(၁၉၆၉)၊ မူလအမည်ပေါက် ဦးမြဝေ (RGN-၀၂၁၂၀၈) (ပေ၄၀xပေ၆၀)ရှိ(ပါမစ်)မြေကွက်၊ ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နီနီဦး (၅/ကဘလ(နိုင်)၁၀၈၅၃၆) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒာမိုး (၁၄/ဝခမ(နိုင်)၀၀၀၆၇၈)မှ ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါ ပါမစ်မြေနှင့်ပတ်သက်၍ ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရတနာငွေး LL.B,D.B.L,C.B.L,WIPO(SWITZERLAND) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၂၉)**

**ဒေါ်မျိုးမြတ်သူ (LL.B,D.I.L) အထက်တန်းရှေ့နေ(စဉ်-၅၇၁၁၃)**

**အမှတ်-၃၄(မြေညီ)၊ နိဗ္ဗာန်လမ်း၊ သာမုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း-၀၉-၇၆၆၂၀၃၃၇၊ ၀၉-၄၂၁၀၀၃၃၇၉၊ ၀၉-၄၂၀၀၉၅၂၂၀၊ ၀၉-၇၆၆၁၂၄၇၄၉**

---

## ပျောက်ဆုံးကြောင်း

ဒေါ်လဲ့လဲ့ဦး ၁၂/ဗဟန(နိုင်)၀၇၈၇၃၀ အမည်ဖြင့် TOYOTA VITZ 2007 Model,ဘောင်အမှတ် NCP 95-0030375 မော်တော်ယာဉ်၏ သွင်းကုန်လိုင်စင်(ပါမစ်) ISP IDVB 12-13 9457 (22/8/2012) အကောက်ခွန်ဦးစီးဌာနမှ ID-795169 (31/10/2012) မူရင်းစာရွက်များပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၉၉၁၅၂၂**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (RA/V-ကွက်ပြင်-၅)၊ ဦးပိုင်အမှတ် (၁၆-၃ + ၁၆- ဃ)၊ ဧရိယာ (၀ဒသမ၁၁၆)ဧက အား ဒေါ်ဝါဝါလွင် အမည်ဖြင့် ဦးပိုင်ပေါင်း၊ အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၅)၊ ကွင်းအမှတ် (၁၈/ကျောက်တောင်ရပ်)၊ ဦးပိုင်အမှတ် (၃၅)အတွင်းရှိ စာရွက်စာတမ်းအမည် မပေါက်သေးသည့် မြို့မြေဧရိယာ (၀ဒသမ၅၇၇)ဧကအနက်မှ ခွဲစိတ်၍ အရှေ့ဘက် အခြမ်း ဦးပိုင်အမှတ် (၅၂/၅၄)နှင့်ကပ်လျက် မြေအကျယ်(၆၀ပေx၄၀ပေ)အကျယ် ရှိမြေကွက်အမှတ် (C-4) ဟု ဖော်ပြထားသည့်မြေကွက်ကို (၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၊ ၁၁ရက်)တွင် အရပ်ကတိစာချုပ်ဖြင့် ဒေါ်ကြိုင်သီရိဝင်း (၉/မမန(နိုင်)၀၈၃၈၃၆) နှင့် ဦးအောင်ကိုကိုဝင်း(၉/မမန(နိုင်)၀၈၃၈၃၇)ထံမှ ဦးမျိုးလင်းထွန်း (၉/နထက (နိုင်) ၁၅၅၈၉၈)မှ ဝယ်ယူပိုင် ဆိုင် ခဲ့ပြီးနောက်တွင် ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချသူတို့နှင့် ဝယ်ယူသူတို့ နှစ်ဦးကြားချုပ်ဆိုထားသည့် စာချုပ်တွင်ဖော်ပြထား သည့် မြေအကျယ် (ပေ၆၀ x ပေ၄၀)ဖော်ပြချက်နှင့်မြေပြင်တွင်ရှိသည့် မြေအကျယ် မှာ ကွဲလွဲနေသဖြင့် မှားယွင်းစွာ ဖော်ပြထားပါသည်။ သို့ဖြစ်၍ (၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၊ ၁၁ရက်) ရက်တွင်ချုပ် ဆိုခဲ့သည့် "နှစ်ဦးသဘောတူ မြေအပြီး အပိုင်လက်ရောက်လွှဲပြောင်းရောင်းချခြင်း ငွေချေကတိစာချုပ်" နှင့်(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၊ ၁၈ရက်)တွင်ချုပ်ဆိုခဲ့သည့်"နှစ်ဦးသဘောတူ မြေလွှဲပြောင်း ပေးခြင်းကတိစာချုပ်" (၂)စောင်အား အ ရောင်းအဝယ်ပြုလုပ်စဉ်က လက်မှတ် ရေးထိုးခဲ့ကြသူများဖြစ်သော (၁) ဒေါ်ကြိုင်သီရိဝင်း (၂) ဦးအောင်ကိုကိုဝင်း (၃) ဦးမျိုးလင်းထွန်း တို့ (၃)ဦးမှ ရောင်းသူ/ဝယ်သူ နှစ်ဖက် ညှိနှိုင်း၍ ကျွန်ုပ်တို့ (၃)ဦး၏သဘောဆန္ဒအရ ဖျက်သိမ်းပြီးလျှင် ဖော်ပြပါမြေနှင့်ပတ်သက်၍ အရပ်ကတိစာချုပ်အသစ် ထပ်မံချုပ်ဆို သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိ ပါက ယခုကြေညာ စာပါပြီး (၇) ရက်အတွင်း ကျွန်ုပ်တို့ ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ ရပ်ကွက်ရုံး သို့ဖြစ် စေ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ဖော်ပြပါအတိုင်း ဥပဒေနှင့် အညီ ပြုလုပ်သွားမည်ကို အများသိစေရန် အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရန်ရှင်းအောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၆)**

**ရပ်ကွက်ကြီး(၉)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၁၀၇၉၅**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆိုလာစနစ် ရေတင်စီမံကိန်းများ ဆောင်ရွက်ရန် အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူဆောင်ရွက်လိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | မော်တာနှင့်ပန့်များဝယ်ယူခြင်း | 1 Lot |
| (၂) | ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | 1 Lot |
| (၃) | သံပိုက်များဝယ်ယူခြင်း | 1 Lot |
| (၄) | တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း | 1 Lot |
| (၅) | ဆိုလာစနစ်များတည်ဆောက်ခြင်း | 1 Lot |
| (၆) | ရေပိုက်လိုင်းများတည်ဆောက်ခြင်း | 1 Lot |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၄-၂၀၂၆ ရက်မှ ၂၃-၄-၂၀၂၆ ရက်အထိ

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၄-၄-၂၀၂၆ ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ

**တင်ဒါဖွင့်ရက်နှင့်အချိန်** - ၂၈-၄-၂၀၂၆ ရက်၊ နံနက် (၁၀:၀၀) နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ-၂၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၉-၄၄၈၅၄၀၀၉၃၊ ၀၉-၄၂၆၄၅၀၈၁၂ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

---

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၃/ ပဒေသာ)၊ ဦးပိုင်အမှတ် (၂၇၉)၊ မြေဧရိယာ (၀ဒသမ၁၁၀) ဧကရှိ မြေကွက်အား မြေငှား ဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်အိဆုလွင် (ခ) အိဆုပန် (၁/မညန (ဧည့်) ၀၀၀၆၃၀)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ မြေကွက်အမှတ် (၄၃၆/ခ)၊ ၁၂၀၀ စ/ပေ၊ မြေကွက် တည်နေရာအမှတ် (၄၃၆/ခ)၊ သန္တာ(၄)လမ်း၊ (စ)ရပ်ကွက်၊ ဒေါ်အေးကြွေ (၁၂/ဥကမ (နိုင်)၀၆၅၇၆၁)၊ ဦးသိုက်မြ (၁၂/ဥကမ (နိုင်) ၀၆၅၇၅၂)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်များဖြစ်ကြ သည့် ဦးသိုက်မြ(ဖခင်)သည် (၆-၉-၂၀၀၆)ရက်တွင်လည်းကောင်း၊ ဒေါ်ကြွေ (မိခင်)သည် (၂-၃-၂၀၁၇) ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဦးတင်မောင်ဝင်း (၁၂/ဥကမ (နိုင်) ၀၆၅၇၆၀)၊ ဦးလှငွေး (၁၂/ဥကမ (နိုင်)၁၇၄၉၉၈)၊ ဒေါ်ငွေငွေရင်(၁၂/ဥကမ (နိုင်) ၀၆၅၇၅၆)တို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင် သည့် သား/သမီး(၃)ဦး တော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံ ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်အမှတ် - ၁၆၉၉၄/၉-၁၂-၂၀၂၅၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စု စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံ သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် (၂၁၀/က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း၊ (၆)ထပ် RC တိုက်၏ (၃) လွှာ (ဒုတိယထပ်) တိုက်ခန်း၊ အကျယ်အဝန်း (၁၈ x ၅၄) ပေရှိ တိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုး ခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးသက်အောင်ငွေး (၁၂/ဥကတ(နိုင်)၁၄၆၂၃၀)နှင့် -ဒေါ်နှင်းချစ်လှိုင်(၁၂/ဥကတ (နိုင်)၁၅၅၅၀၈)တို့၏ကိုယ်စား တာဝန်ယူရောင်းချသည့် ညီမဖြစ်သူ ဒေါ်မေမီအောင် ငွေး (၁၂/ဥကတ(နိုင်)၁၇၃၂၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** ဒေါ်သဥ္ဇာအောင် ၁၂/ဒဂတ(နိုင်)၀၃၁၄၁၆

**လွှဲအပ်ညွှန်ကြားချက်အရ -** ဒေါ်ယဉ်ယဉ်သူ (LL.B) အထက်တန်းရှေ့နေ (စဉ် - ၂၅၈၃၂/၂၀၀၇) ဖုန်း - ၀၉ ၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၇၀၀၄၉၈၁

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ (၃)လမ်း၊ တိုက်အမှတ် (၂၆/၂)၊ အခန်းအမှတ်-မြေညီထပ်(ခြေရင်းခန်း)တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ် အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ရီ (၁၂/စခန(နိုင်)၀၅၄၄၇၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဦးလင်းလင်းထွန်း (၁၂/မဂဒ(နိုင်)၀၉၀၉၃၂) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါ သည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)**

**ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)**

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်သိမ့်သဥ္ဇာလီ (LL.B, LL.M) (စဉ်-၅၆၈၈၇) အထက်တန်းရှေ့နေ**

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

---

## မွေးသက္ကရာဇ်အမှန်

နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုအုပ်စု ဆယ်သိန်းရပ်ကွက်နေ (ဘ) ဦးခင်မောင်ဝင်း၏ သမီးဖြစ်သူ မဇွန်ဖူးမို၏ မွေးသက္ကရာဇ်မှာ ၂၄-၈-၁၉၈၉ အမှန်ဖြစ်ပါကြောင်း။

---

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဘဝသစ်လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ပရဟိတ အသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်ငြိမ်းချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းဆောင်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဘဝသစ်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးပရဟိတအသင်း**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၆၁) ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ် 10-B၊ (၁၂)ထပ်၊ အခန်းအမှတ် (232)၊ (၈၂၈) စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း တစ်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါက်တာနော်ခရစ္စတင်း (၁၂/အစန (နိုင်)၁၅၆၂၀၈)မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ(၂-၇-၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်လာပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူ ဦးအေးလွင် (၁၂/ ဥကမ(နိုင်)၀၃၂၈၇၇) နှင့် ဒေါ်မေသူစိုး(၈/ပခက(နိုင်)၂၁၆၁၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ညီမင်း (၁၂/ဥကမ(နိုင်) ၀၆၄၅၈၁)မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပြီးနောက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန် ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တည်ဆဲ ဥပဒေများ နှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကေကျော်ကိုကို(LLB,D.BL) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၇၀)**

**အမှတ် (၂၈)၊ ဓမ္မဒါနလမ်း၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၇၃၄၆၀၅၄၀**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၄၆)၊ သိန်းတစ်ရာလမ်း၊ မြေကွက် အမှတ်(၁၄၈၇) ဟုခေါ် တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိမြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်ဝင်း(၁၂/မဘန(နိုင်)၀၄၇၂၄၇) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးအောင်(ခ)မူရ်ကေဆွန်း (၁၂/ဗတထ(နိုင်)၀၃၈၇၁၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမန်လျန်းတုန်း (၄/တတန(နိုင်)၀၅၄၇၉၇) က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)**

**ဒေါ်ယမင်းထွေး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)**

**ဦးရဲသီဟ(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)**

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊**

**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

---

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ် ( ဆိပ်ကမ်း ) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၈၃ )၊ မြေကွက်အမှတ်( ၉၁၈) ဟု ခေါ်တွင်သော ပါမစ်မြေကွက် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း**

